မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၁၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အရှည် မိုင် ၃၀၊ ၁ ဖာလုံရှိ မအူပင်-တွံတေး ကတ္တရာလမ်းသစ်ဖွင့်
ရန်ကုန်မြို့မှ မအူပင်မြို့သို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာသွားလာနိုင်ပြီ
ဒေသ၏ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် ဇန်နဝါရီ ၂၁

မအူပင်-တွံတေး ကတ္တရာလမ်းသစ်သည် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် မအူပင်မြို့သို့ ဆက်သွယ်ဖောက်လုပ်ထားပြီး ကတ္တရာလမ်း အရှည် ၃၀ မိုင်၊ ၁ ဖာလုံရှိ၍ ကတ္တရာလမ်းသားအနေဖြင့် တွံတေးမှ မြိုးအထိ ကတ္တရာလမ်းအကျယ် ၁၈ ပေ၊ မြိုးမှ ဘိုးကံဘေးအထိ ကတ္တရာလမ်း အကျယ် ၁၂ ပေ၊ ဘိုးကံဘေးမှ လှိုင်းတာအထိ ကတ္တရာလမ်း အကျယ် ၁၈ ပေ၊ လှိုင်းတာမှ မအူပင်အထိ ကတ္တရာလမ်း အကျယ် ၁၄ ပေ အသီးသီး ရှိကြပြီး လမ်းပခုံး ဘယ်/ညာ တစ်ဖက်လျှင် လေးပေစီပါရှိကာ ရန်ကုန်မြို့မှ မအူပင်မြို့သို့ လမ်းမိုင်အတိုဆုံးနှင့် ခရီးသွားပြည်သူများ အချိန်တိုအတွင်း အလွယ်တကူ လျင်မြန်စွာ သွားလာနိုင်ပြီဖြစ်သဖြင့် ဤဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင်လည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

တက်ရောက်အားပေး

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် မအူပင်မြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မအူပင်-တွံတေးကားလမ်း(ရန်ကုန်တိုင်းဒေသကြီးအပိုင်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ယနေ့ နံနက် ၇ နာရီခွဲတွင် မအူပင်-တွံတေးကားလမ်း မိုင်တိုင်အမှတ် (၃၀/၁) (တွံတေးတံတားလမ်းဆုံ)ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ စာမျက်နှာ ၃ ကော်လံ ၁ ❒

ကျန်စစ်သားမင်းကြီးကောင်းမှုတော် ပုဂံအာနန္ဒာဘုရားပွဲ
ပဉ္စကျုံတံတားကြီးဖွင့်လိုက်သဖြင့် ယမန်နှစ်ကထက် ပိုမိုစည်ကားစွာဆင်နွှဲ

သတင်းမှတ်စုနှင့်ဓာတ်ပုံ
ကျော်ဌေး
(ညောင်ဦး)

အာနန္ဒာ စေတီတော် ဝင်းအတွင်း ဆွမ်းကပ်ရန် စီစဉ်နေစဉ်။

ပုဂံ ဇန်နဝါရီ ၂၁

ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ပုဂံမြို့ရှိ အာနန္ဒာစေတီတော်ကို နှစ်စဉ် ဘုရားပွဲတော်များကျင်းပခဲ့ရာ ယခုနှစ်တွင် ပြာသိုလဆန်း ၉ ရက်နေ့မှစတင်၍ ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံအနှံ့နှင့် အနီးအနားဝန်းကျင်မှ ဘုရားဖူးဧည့်သည်များသည် ကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် ပုဂံ-ညောင်ဦးလမ်းတစ်လျှောက်၌လည်းကောင်း၊ ကျောက်ပန်းတောင်း-ညောင်ဦးလမ်းတစ်လျှောက်၌လည်းကောင်း၊ ချောက်-ညောင်ဦးလမ်းတစ်လျှောက်၌လည်းကောင်း ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။ လှည်းလမ်းများတစ်လျှောက်တွင်လည်း လှည်းတန်းရှည်ကြီးကို တွေ့မြင်ရသည်။ ထိုမြင်ကွင်းကိုကြည့်ရင်း ပုဂံခေတ် အာနန္ဒာဘုရားပွဲကို မြင်ယောင်မိသည်။ စာမျက်နှာ ၆ ကော်လံ ၃ ❍

ယာဉ်စီးခများ ပိုတောင်းသူ စုံစမ်းစစ်ဆေး အရေးယူမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ယခုလမှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း မောင်းနှင်လျက်ရှိသည့် ခရီးသည်တင် မော်တော်ယာဉ်လိုင်းများအား ယာဉ်စီးခ ပိုမိုတောင်းခံခြင်း၊ ခရီးသည်များအား ရိုင်းပျစွာဆက်ဆံခြင်း၊ မှတ်တိုင်အတိအကျမရပ်ခြင်းနှင့် အခြားသော ပြစ်မှုများကို စုံစမ်းနိုင်ရန်အတွက် အထူးစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တစ်ပတ်တစ်ကြိမ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်အရေးယူလျက်ရှိကြောင်း သိရှိရသည်။

"ဝတ်စုံတွေ သေချာမဝတ်ရင်၊ ခရီးသည်တွေကို စိတ်မကျေနပ်စေအောင် ပြောဆိုတာတွေ၊ အကြွေပြန်မအမ်းတာတွေ၊ ကားခ ပိုကောက်တာတွေနဲ့ မှတ်တိုင် မရပ်တာ စတာတွေကို ယာဉ်ပေါ်က ခရီးသည်တွေကို တိုက်ရိုက်မေးမြန်းစနစ်နဲ့ ဆောင်ရွက်နေတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး စာမျက်နှာ ၃ ကော်လံ ၃ ■

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
စိုင်းသာလှိုင်(လိမ္မော်မြေ)

သီပေါနယ်မှ ရှမ်းစက္ကူ (သို့မဟုတ်) မိုင်းကိုင်စက္ကူ အကြောင်းသွက်လာ

သီပေါ ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နှင့် (၁၁)မိုင်ခန့်အလှမ်းဝေးသည့် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေးရှိ ကျင်သီကျေးရွာ. . . .။

အဆိုပါ ကျင်သီကျေးရွာရှိ ဒေသခံကျေးလက်ပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာနှင့် လိမ္မော်ခြံလုပ်ငန်းဖြစ်သည်။

ထို့ပြင် မိရိုးဖလာ အပိုဝင်ငွေလုပ်ငန်းတစ်ခုအဖြစ် ရှမ်းစက္ကူ (သို့မဟုတ်) မိုင်းကိုင်စက္ကူလုပ်ငန်းကို အိမ်တိုင်းလိုလို ပြုလုပ်တတ်ကြသည်။ ရှမ်းစက္ကူအား"ဆာ"ဟုခေါ်သည့်အပင်တစ်မျိုး၏ အခေါက်ကိုခွာ၍ ပြုလုပ်ရသည်။ ယင်းအပင်မျိုးမှာ အလေ့ကျပေါက်သော အပင်မျိုးဖြစ်သည်။ စာမျက်နှာ ၅ ကော်လံ ၁ ✻

ရှမ်းစက္ကူပြုလုပ်ရာတွင် မရှိမဖြစ်လိုအပ်သော "ဆာ"ပင်ကို ဤသို့ တွေ့ရသည်။

ရေစစ်ပြီး နေပူလှန်းထားသော ရှမ်းစက္ကူများကို ဤသို့တွေ့ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၂ ရက်)

ဩော်...သောက...သောက...

ပုထုဇဉ်တို့မည်သည် လောဘ၊ ဒေါသ၊ မောဟကင်းသူ နည်း၏။ လောဘ၊ ဒေါသ၊ မောဟတို့ကို မချုပ်တည်းနိုင်ကြသဖြင့် ငြိမ်းချမ်းသောဘဝနှင့် ဝေးကြရသည်။

လူအများသည် လောဘ၊ ဒေါသ၊ မောဟနှင့် မကင်းနိုင်ကြသလို သောကနှင့်လည်း မကင်းနိုင်ကြ။ သောကသည် ပူလောင်ခြင်းပေတည်း။ သောကကိုထိန်းချုပ်တတ်လျှင် ငြိမ်းအေးစေတတ်၏။ မထိန်းချုပ်နိုင်သော် လောင်မြိုက်စေတတ်၏။ ယခု ပစ္စက္ခဘဝသည်သာမက သံသရာအထိ လောင်မြိုက်စေတတ်ကြောင်း ရှင်တော်ဗုဒ္ဓက ဟောတော်မူခဲ့၏။

မှန်ပေ၏။ တစ်ခါက သန်းခေါင်ယံညတစ်ညတွင် မိမိသည် ထွေရာလေးပါးစဉ်းစားရင်း သောက၏ ဖိစီးမှုကို ကြုံရလေသည်။ ထိုအချိန်တွင် ဇနီးဖြစ်သူက စီးပွားရေးအဆင်မပြေသည့်အကြောင်း ပြော၏။ ၄င်းသည်လည်း သောက၏ ဖိစီးနှိပ်စက်မှုကို ခံနေရပုံပေါ်သည်။ တစ်ဖန် လေးနှစ်အရွယ်သမီးဖြစ်သူက အိပ်ရာမှလန့်နိုးလာပြီး မနက်မိုးလင်းလျှင် ဈေးထဲမှ ဦးထုပ်လှလှကလေးဝယ်ပေးစေလိုကြောင်း ပူဆာ၏။ မရမှာ စိုးရိမ်သည်။ အသက်ပင် ငယ်သော်လည်း ''သောက''က အလွတ်မပေး။ နှိပ်စက်နေပုံရ၏။ ထို့ကြောင့် သောကသည် အသက်ကြီးငယ်မရွေး အမြဲတစေ နှိပ်စက်တတ်ပါလားဟု ကောက်ချက်ချမိလေသည်။

ထို့ကြောင့် ဇနီးဖြစ်သူအား စီးပွားရေးအဆင်ပြေစေရန် တတ်နိုင်သမျှ ကူညီပေးမည်ဖြစ်ကြောင်း ပြောကြားပြီး သောကကို ငြိမ်းအေးစေရသည်။ သမီးငယ်ဖြစ်သူကိုလည်း မိုးလင်းလျှင် ၄င်းလိုချင်သည့် ဦးထုပ်လှလှကလေးဝယ်ပေးမည့်အကြောင်းပြောပြီး သောကကို ငြိမ်းအေးပေးရသည်။ မိမိသည်လည်း မြဟ္မာစိုရ်တရား လေးပါးအနက် ဥပေက္ခာတည်းဟူသောတရားကို လက်ကိုင်ပြုလျက် ဖြစ်သမျှအကြောင်း အကောင်းချည်းသာဟု တွက်ဆပြီး သောကကို ငြိမ်းအေးစေရ၏။

အကယ်၍ လောင်မြိုက်နေသော ''သောကမီး''ကို ငြိမ်းသတ်နိုင်စွမ်းမရှိလျှင် ထိုတစ်ည အိပ်ရဖွယ်မရှိ။ ပူပင်ခြင်း၊ စိုးရိမ်ခြင်းတို့ဖြင့် အတိပြီးသော သောကကို ရင်ဝယ်ပိုက်၍ မိုးလင်းသွားနိုင်၏။ သောကသည် တငွေ့ငွေ့လောင်မြိုက်စေတတ်၏။ ကြောက်မက်ဖွယ်ကောင်း၏။

ဤလောက၌ သောကအမျိုးမျိုးရှိ၏။ မိသားစုသောက၊ စီးပွားရေးသောက၊ ကျန်းမာရေးသောက၊ ဟိုကိစ္စ၊ သည်ကိစ္စ အဆင်မပြေခြင်းသောက၊ ချစ်သောသူနှင့် ကွေကွင်းရမည့်အရေးတွေး၍ စိုးရိမ်ပူပင်နေရသော သောက စသည်စသည်ဖြင့် သောကအမျိုးစုံလှပေသည်။

သောက၏ ဖိစီးမှုကို ပေါ့ပေါ့တန်တန် မတွေးသင့်။ ယနေ့ကမ္ဘာတွင် သေပျောက်မှုအများဆုံးဟု ဆိုအပ်သော နှလုံးရောဂါခံစားနေရသူများအဖို့ အဆိုပါစိုးရိမ်သောကကြောင့် ရုတ်တရက် နှလုံးဖောက်ပြန်ပြီး အသက်ဇီဝိန်ကြွေသွားနိုင်၏။ သောကသည် စိတ်ဖိစီးမှုပင်ဖြစ်၏။ စိတ်ဖိစီးမှုများလျှင် နှလုံးရောဂါရနိုင်သည်။ ၄င်းရောဂါဖြင့် ရုတ်တရက် သေဆုံးနိုင်၏။

ထို့ကြောင့်ပင် လူကြီးသူမများက စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ၊ သောကအပေါင်းမှ ကင်းဝေးကြပါစေ စသည်ဖြင့် ဆုပေးကြခြင်းဖြစ်ဟန်တူသည်။

ထိုသို့လျှင် အဆိုပါ သောကများကို ထိန်းချုပ်နှိမ်နင်းနိုင်သည်ကား ဘယ်အရာနည်း။ အနီးတွင်ပင်ရှိပါသည်။ သောက၏ နှိပ်စက်မှုကို ကြုံရလေသောအခါ ထိန်းချုပ်နှိမ်နင်းနိုင်သည့်အရာကား ဥပေက္ခာတရားပင်ဖြစ်ပါတော့သည်။ သောကဝေဒနာခံစားနေကြရသူအပေါင်း ဥပေက္ခာတရားကို သတိတရလက်ကိုင်ထားရင်း သောကကင်းဝေး နေနိုင်ကြပါစေ။ ။

ဇီဝိတဂုဏ်ရည် ကုသိုလ်ပြုဆေးခန်း ဟသ်ာတ၌ဖွင့်

ဟသ်ာတ ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်၌ ကုသိုလ်ရှင်များ၊ မြို့မိမြို့ဖများနှင့်အတူ ဝေယျာဝစ္စစေတနာရှင်များ စုပေါင်း၍ မြို့နယ်ရှိ ကျောင်းတိုက်အသီးသီးမှ ကျန်းမာရေးချို့တဲ့သော ရဟန်းသံဃာတော်များကို အခမဲ့ ကုသိုလ်ပြုမည့် ဇီဝိတဂုဏ်ရည်ဆေးခန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီက ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက်အတွင်းရှိ ဇီဝိတဂုဏ်ရည်ကျောင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးကုသမှုခံယူမည့် သံဃာတော်များအား ဆေးဝါးများစတင်ကုသပေးကြသည်။ အဆိုပါ ဇီဝိတဂုဏ်ရည် ကုသိုလ်ပြုဆေးခန်းကို အလှူရှင် ဦးဝင်းသိန်း-ဒေါ်အေးအေးခိုင် ငွေဇင်ယော်ရောင်းဝယ်ရေး မန္တလေးမြို့မှ ငွေကျပ်သိန်း ၁၀၀ မတည်ခဲ့ပြီး စေတနာရှင်များ စုပေါင်းလှူဒါန်းခဲ့ကြသည်။ ဆေးခန်းကို စနေ၊အင်္ဂါ၊ ကြာသပတေး တစ်ပတ် သုံးရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပြီး ဆေးကုသပေးမည်ဖြစ်သည်။ ဇီဝိတဂုဏ်ရည် ကုသိုလ်ပြုဆေးခန်းကော်မတီကို ဦးတင်ဝင်းနာယက၊ ဦးကျော်မြင့်(စွန်ပျံ)ဥက္ကဋ္ဌ၊ ဦးတင်ဦး အတွင်းရေးမှူး၊ ဦးတင်နိုင်ဝင်း တွဲဖက်အတွင်းရေးမှူးနှင့် ဦးတောက်ထွန်း ဘဏ္ဍာရေးမှူးတို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဆေးခန်းကို ရဟန်းသံဃာတော်များနှင့် ဆင်းရဲသူများ ကျန်းမာရေးအတွက် လိုအပ်သော ဆေးဝါးကုသမှုခံယူနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (ဝ၇၅)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဘိလိယက်/စနူကာ/Pool/Carom ပဏာမမြန်မာ့လက်ရွေးစင်များ ရွေးချယ်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပဏာမမြန်မာ့လက်ရွေးစင် ဘိလိယက်/စနူကာ/Pool/Carom အားကစားသမားများ ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှစတင်၍ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံမည့် အားကစားသမားများသည် အဖွဲ့ချုပ်သို့ ဖေဖော်ဝါရီ ၆ ရက်နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်စာရင်းပေးသွင်းနိုင်ပြီး ရွေးချယ်ခံရသော အားကစားသမားများသည် နေပြည်တော်ရှိ ဗဟိုလေ့ကျင့်ရေး အားကစားစခန်းတွင် စခန်းဝင်လေ့ကျင့်ရမည်ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

အခွန်လုပ်ငန်းဆိုင်ရာများ ဘားအံ၌လုပ်ငန်းညှိနှိုင်းစည်းဝေး

ဘားအံ ဇန်နဝါရီ ၂၁

ပြည်တွင်းအခွန်များဦးစီးဌာန ကရင်ပြည်နယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဘားအံမြို့ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ဇန်နဝါရီ ၁၄ ရက်က ကျင်းပရာ ကရင်ပြည်နယ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောဝင်းထိန်တက်ရောက်၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက အခွန်အရပ်ရပ်ကောက်ခံရရှိမှုနှင့် လုပ်ငန်းသုံးသပ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကရင်ပြည်နယ်အတွင်းမှ မြို့နယ်အခွန်ဦးစီးဌာနမှူးများက ဒီဇင်ဘာလအထိ ကောက်ခံရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို မြို့နယ်အလိုက် တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (အောက်ပုံ) (ခရိုင် ပြန်/ဆက်)

အရန်သားဖွား သင်တန်းသူများအတွက် နမ့်ခမ်းမြို့နယ်၌ ဝတ်စုံများထောက်ပံ့

နမ့်ခမ်း ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းစဉ်များရှင်းလင်းဆွေးနွေးခြင်းနှင့် ဝတ်စုံများထောက်ပံ့ခြင်းအခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မူဆယ်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်ဦးမွန်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက အရန်သားဖွား သင်တန်းပို့ချရခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နမ့်ခမ်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုနွမ်တို့က အရန်သားဖွားသင်တန်းသူ ၂၄ ဦး အတွက် ဝတ်စုံ ၂၄ စုံကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

လပွတ္တာ၌ အခမဲ့ကျန်းမာရေး စစ်ဆေးပေး

လပွတ္တာ ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးကြပ်၍ အာဒရာမြန်မာလူမှုဖွံ့ဖြိုးရေးနှင့်ကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်းပြီး အခမဲ့ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ပညာပေးဆွေးနွေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၉နာရီက ရွှေနဒီခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အာဒရာမြန်မာကျန်းမာရေး ညွှန်ကြားရေးမှူး ဒေါက်တာထွေးလေးက ကျန်းမာရေးစစ်ဆေးခြင်း ပညာပေးခြင်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမဲ့ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးပြခန်းများတွင် ပညာပေးဆွေးနွေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်များအပေါ် ပြန်လည်ပညာပေးဆွေးနွေးကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

အမကက ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

သာစည် ဇန်နဝါရီ ၂၁

အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက သာစည်မြို့နယ် ပင်မှုန်းကျေးရွာရှိ အဆိုပါကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ) ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူးဒေါ်သန်းသန်းအေးက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်း၍ ပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် အလှူရှင်ဦးအုန်းမြင့်က ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မူလတန်းကျောင်းအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

လျှပ်စစ်ဓာတ်အား သုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်း ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း (Use of Defective Tools and Applian)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန် စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရှိစေရေး သတိပေးနှိုးဆော်အပ်ပါသည်။ (မီးသတ်ဦးစီးဌာန)

စိတ်ချယုံကြည်အားထားနိုင်မည့် မျိုးကောင်းမျိုးသန့်မျိုးစေ့ များ ထုတ်လုပ်နိုင်ရေး အရည်အသွေးထိန်းသိမ်းမှုလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်သွားရမည်

ရန်ကုန် ဇန်နဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝါးကတုတ်ရေလှောင်တမံသို့ရောက်ရှိပြီး ဇောင်းတူရေသွယ်တူးမြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက် တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိသော ကိုဒူကွဲရေလှောင်တမံစီမံကိန်း၊ စလူရေလှောင်တမံစီမံကိန်း၊ ရွှေလောင်း ရေလှောင်တမံစီမံကိန်းအပါအဝင် ရေထုတ်စနစ်ကောင်းမွန်ရေးအတွက် တည်ဆောက်အကောင်အထည်ဖော်နေသော ရေနုတ်မြောင်းစနစ်အားလုံးတို့ကို စီမံကိန်းရည်မှန်းချက်နှင့်အညီ ယခုပွင့်လင်းရာသီအချိန်မီ ပြီးစီးရေးတည်ဆောက်အကောင်အထည်ဖော်သွားရန်နှင့် ရေမြောင်းစနစ်များ၏ ဝဲ၊ ယာအတွင်း ကျေးလက်နေပြည်သူများအတွက် ကျေးရွာချင်းဆက်လမ်းများအဖြစ် အသုံးပြုနိုင်ရန်တို့ကို တစ်ပြိုင်တည်းအကောင်အထည်ဖော်ပေးသွားရန် ဆွေးနွေးမှာကြား၍ ဝါးကတုတ်ရေလှောင်တမံ၏ ဆည်ရေလက်ကျန်အခြေအနေနှင့် ဇောင်းတူ တူးမြောင်း မူလပေ ၂၀ မှ ပေ ၄၀ အကျယ်သို့ တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အဆင့်မြင့်စက်မှုလယ်ယာစနစ်စံပြစိုက်ပျိုးရေးအထူးဇုန် ဧက ၁၀၀၀၀ စိုက်ကွင်းသို့ရောက်ရှိရာ စိုက်ကွင်းအတွင်း ဖိလစ်ပိုင်မျိုး ပုလဲသွယ်စပ်မျိုးစပါး ၇၃ ရက်သားသက်တမ်းရှိ တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ စိုက်ခင်းဖြစ်ထွန်းအောင်မြင်နေမှုနှင့် ပုလဲသွယ်စပ်မျိုးစပါး ဧက ၃၀၀ မျိုးစေ့ထုတ်စိုက်ပျိုးရန် သီပွဲနည်းကျပေါင်စနစ်ဖြင့်ပျိုးထောင်ထားသော ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဤမျိုးစေ့ထုတ်ဧက ၃၀၀ စိုက်ကွင်းသည် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ ပညာရှင်များအနေဖြင့် ညီညီညွတ်ညွတ်ပူးပေါင်း အကောင်အထည်ဖော်သွားရန်လိုကြောင်း၊ တောင်သူများ စိတ်ချယုံကြည်အားထားနိုင်မည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးနိုင်ရေးအတွက် အရည်အသွေးထိန်းသိမ်းမှုလုပ်ငန်း (Quality Control) ရာနှုန်းပြည့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်လုံး၏ ထုတ်လုပ်မှုကုန်ကျစရိတ်များကို အသေးစိတ်မှတ်တမ်းတင်ထားပြီး စီးပွားရေးတွက်ခြေကိုက်မှုနှင့် တောင်သူလယ်သမားများအတွက် ထိရောက်သော အကျိုးကျေးဇူးဖြစ်ထွန်းရရှိစေမှု အလားအလာများအပေါ် တွက်ချက်စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြတ်သန်းကြည့်ရှု

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ မအူပင်-တွံတေး ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြစဉ်။
(သတင်းစဉ်)

■ ရှေ့ဖုံးမှ

မင်္ဂလာစည်တော်အကအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ အင်အား၃၀၀၀ခန့်တက်ရောက်အားပေးကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ကတ္တရာလမ်းသစ်ဖွင့်လှစ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ကတ္တရာလမ်းသစ်ဖွင့်လှစ်ပေးသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးမြသောင်းက ကတ္တရာလမ်းသစ်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ကတ္တရာလမ်းသစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မအူပင်-တွံတေးကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးနှင့် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်တို့က မအူပင်-တွံတေး ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မအူပင်-တွံတေးကတ္တရာလမ်းသစ်ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မအူပင် တွံတေး ကတ္တရာလမ်းသစ်တစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုသည်။

တစ်ချိန်တည်းမှာပင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် မိုင်တိုင်အမှတ်(၇/၀) လှိုင်းတာရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌လည်း အဆိုပါကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော်အကအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ အင်အား ၂၅၀၀ ခန့် တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ကတ္တရာလမ်းသစ်ဖွင့်လှစ်ပေးသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကတ္တရာလမ်းသစ်ဖွင့်လှစ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထွန်းတို့က မအူပင်-တွံတေးကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မအူပင်-တွံတေး ကတ္တရာလမ်းသစ်ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ကတ္တရာလမ်းသစ်တစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

မအူပင်-တွံတေးလမ်းသည် တွံတေးတံတားမှ တွံတေးတူးမြောင်းနှင့်ယှဉ်၍ မြဂိုးကျေးရွာအထိ ၈ မိုင် ၁ ဖာလုံ၊ မြဂိုးကျေးရွာမှ ဘိုးကံဘေးကျေးရွာအထိ ၆ မိုင် ၇ ဖာလုံနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဘိုးကံဘေးကျေးရွာ ခတ္တိယတံတားမှ မအူပင်မြို့အထိ ၁၅ မိုင် ၁ဖာလုံ စုစုပေါင်းအရှည် ၃၀ မိုင် ၁ ဖာလုံ အရှည်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တွံတေးမြို့နယ် မြဂိုးကျေးရွာမှ ဘိုးကံဘေးကျေးရွာအထိ ၆ မိုင် ၇ ဖာလုံ အရှည်ရှိလမ်းမှာ ၁၉၉၃ ခုနှစ်တွင် လူထုလုပ်အားနှင့်ဖောက်လုပ်ခဲ့သော မြေလမ်းတာရိုးဖြစ်ပြီး ၁၉၉၆-၁၉၉၇ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက လွှဲပြောင်းဆောင်ရွက်ခဲ့သည်။ ထို့နောက် (၆-၉-၂၀၁၀)ရက်မှစတင်၍ (၂၁-၁-၂၀၁၂) ရက်အထိ ကတ္တရာလမ်းသစ်အဖြစ် ဖွင့်လှစ်နိုင်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကာ ယနေ့ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရေသိုး ညောင်ဝိုင်းကျေးရွာမူလွန်ကျောင်းတွင် ဇန်နဝါရီ ၁၃ ရက်က ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်း အထိ ငါးနှစ် ဆက်တိုက် ပထမဆု ရရှိသော မောင်ရာဇာအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူမြင့် ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။
(မြို့နယ်ပြန်/ဆက်)

■ ရှေ့ဖုံးမှ

မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီမှ တာဝန်ရှိသူက ပြောကြားသည်။ "လက်ရှိမှာတော့ ငွေပိုကောက်တဲ့ပြဿနာမျိုးတွေ လုံးဝမရှိပါဘူး။ ဆက်လက်ပြီးတော့လည်း အခုလို အထူးစစ်ဆေးရေးတွေထားပြီး ခရီးသည်တွေရဲ့ ပြဿနာတွေကို ဖြေရှင်းပေးသွားမယ်"ဟု တာဝန်ရှိသူက ပြောကြားသည်။

"အခုလို ကားပေါ်တက်လာပြီးတော့ မေးမြန်းတဲ့အတွက်ကောင်းပါတယ်။ အခုနောက်ပိုင်းမှာ လိုင်းကားတွေက ပေါလာတဲ့အတွက် အရင်လို အရမ်းကာရောကျပ်တာမျိုးမဖြစ်တော့တဲ့အတွက် ကားတွေက အများအားဖြင့် ပုံမှန်ပြေးဆွဲနေတာကို တွေ့ရပါတယ်။ ယာဉ်စီးခကလည်း သတ်မှတ်ထားတဲ့အတွက် အကြွေပြန်မအမ်းဘဲ အမေ့ခံတဲ့ပြဿနာလောက်ပဲရှိတော့တယ်။ အဓိကကတော့ ကားကို အကြာကြီး လူမစောင့်ဘဲနဲ့ ပုံမှန်လေးမောင်းပြီး မှတ်တိုင်မှန်မှန် ရပ်ပေးဖို့ပါပဲ"ဟု အထူးစစ်ဆေးရေးအဖွဲ့အား ပြန်လည်ပြောပြသူ ခရီးသည်တစ်ဦးက ဆိုပါတယ်။ **(၁၅၀)**

မြန်မာ့အလင်း လူမှုဒဿန

မစွဲလမ်းမိပါစေနဲ့

"ဒေါသဖြစ်ပေမယ့် မပေါက်ကွဲမိပါစေနဲ့၊ စိတ်ညစ်ပေမယ့် အားမငယ်ပါလေနဲ့၊ ချစ်ပေမယ့် မစွဲလမ်းမိပါစေနဲ့။"

" Don't be explosive though you feel angry; Don't be depressive though you feel sorry; Though you are in love, forget all of the passionate heart." (ကိုးဘွဲ့ရဆရာတော်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ရက် (အဖိတ်နေ့)
၂၂-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀	၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။ နံနက်ခင်းသတင်း
၇:၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀	၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅	၈။ ဝက်သက်ရောဂါကာကွယ်ပါ
၈:၃၀	၉။ အကပြိုင်ပွဲ
၈:၄၀	၁၀။ International News
၈:၄၅	၁၁။ တေးဂီတအစီအစဉ်
၉:၀၀	၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။ စစ်သည်တေး
၁၁:၁၀	၂။ တေးဂီတအစီအစဉ်
၁၁:၂၀	၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀	၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ရောင်ဝွန်း** (အပိုင်း-၄၃)
၁၂:၃၀	၅။ မြန်မာရုပ်ရှင် **မိဂျမ်း** ခန့်စည်သူ၊ခိုင်သင်းကြည် (ဒါရိုက်တာ-အောင်သြဘာ)
၁၄:၀၀	၆။ **ရင်သွေးငယ်များကျန်းမာဖို့ ဝက်သက်ရောဂါတိုက်ဖျက်စို့**
၁၄:၃၀	၇။ ငယ်မူဟန်ပန်သူ့အသံ
၁၄:၄၀	၈။ အတီးပြိုင်ပွဲ
၁၄:၅၀	၉။ International News

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀	၂။ တေးဂီတအစီအစဉ်
၄:၂၅	၃။ အဆိုပြိုင်ပွဲ
၄:၃၅	၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၄၅	၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၀၀	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀	၇။ **ကညင်ရေလှောင်တမံ**
၅:၂၀	၈။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀	၉။ ညနေခင်းသတင်း
၆:၁၅	၁၀။ မိုးလေဝသအခြေအနေ
၆:၂၀	၁၁။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၂၇)
၆:၄၀	၁၂။ တစ်မျက်နှာ၊တစ်ကွက်စာ **ဤအရာကို အချစ်ဟု ခေါ်သတဲ့လား** (ဇာတ်သိမ်းပိုင်း) ရဲမာန်၊ ကောင်းဆက်ထူး၊ ပုလဲဝင်း [ဒါရိုက်တာ-မေတင် **(MMG)**]
၇:၀၀	၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို** (အပိုင်း-၇)
၈:၀၀	၁၄။ ပြည်တွင်းသတင်း
	၁၅။ နိုင်ငံတကာသတင်းများ
	၁၆။ မိုးလေဝသအခြေအနေ
	၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ်သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၈၅)
	၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ** (အပိုင်း-၈)

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရ မောင်ကောင်းစံအား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆန်း ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

ဦးစိုးမြင့်-ဒေါ်အုန်းလှ၊ သား မောင်မြတ်နိုးဦး H.68- ရွှေသရဖီလမ်း FMI စီတီ ရန်ကုန်က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဘိုးဘွားများ ဘုရားဖူးအလှူငွေအဖြစ် ငွေကျပ် ၁၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင် လက်ခံယူစဉ်။ (၀၀၉)

အမေရိကန်နှင့်ပါကစ္စတန် ဆက်ဆံရေးကျဲနေဆဲ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး သုံးသပ်ပြောဆို

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၁

ပါကစ္စတန်တပ်ဖွဲ့ဝင် နှစ်ဒါဇင်ခန့်သေဆုံးစေသည့် ပြီးခဲ့သည့်နှစ်က နေတိုးလေကြောင်းတိုက်ခိုက်မှုအပြီးတွင် အမေရိကန်နှင့် ပါကစ္စတန်နှစ်နိုင်ငံဆက်ဆံရေးမှာ ခပ်ကျဲကျဲဖြစ်နေခဲ့ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဟီနာရာဘန်နီခါးက ဇန်နဝါရီ ၂၀ ရက်က ပြောကြားလိုက်သည်။

ယခုအခါတွင် ယင်းကိစ္စကို ပြန်လည်အကဲဖြတ်သုံးသပ်လျက်ရှိကြောင်း၊ မိမိတို့သုံးသပ်မပြီးသေးသမျှကာလပတ်လုံး နှစ်နိုင်ငံဆက်ဆံမှု ပြန်လည်၍စတင်ရန် မဖြစ်နိုင်သေးကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဟီနာရာဘန်နီခါးက အစ္စလမ္မာဘတ်မြို့၌ ဇန်နဝါရီ ၁၉ ရက်က ပြောကြားလိုက်သည်။ အာဖဂန်နစ္စတန်နယ်စပ်ရှိ စစ်ဆေးရေးစခန်းနှစ်ခုမှ ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦးသေဆုံးစေသည့် နိုဝင်ဘာ ၂၆ ရက်က နေတိုး၏လေကြောင်း တိုက်ခိုက်မှုကြောင့် အမေရိကန်-ပါကစ္စတန်ဆက်ဆံရေးမှာ အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားခဲ့သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ နေတိုးရဟတ်ယာဉ်ပျက်ကျ အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၂၁

အမေရိကန်ဦးဆောင်သည့် နေတိုးအဖွဲ့ ရဟတ်ယာဉ်တစ်စင်း အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ပျက်ကျသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးသွားကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။ **(ယာပုံ)**

ပြောကြား

စီအိတ်ချ်-၅၃ ဆီးစတာလီယွန် အမျိုးအစား နေတိုးရဟတ်ယာဉ်သည် ဟဲလ်မန်းပြည်နယ်အတွင်း ပျက်ကျခြင်းဖြစ်ကြောင်း အမည်မဖော်လိုသည့် အမေရိကန်အရာရှိတစ်ဦးက ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်း၌ ပြောကြားလိုက်သည်။

စုံစမ်းစစ်ဆေးလျက်ရှိ

ရဟတ်ယာဉ်ပျက်ကျသဖြင့် သေဆုံးသူများမှာ အမေရိကန်တပ်ဖွဲ့ဝင်များ ဖြစ်ကြောင်း အမေရိကန်အရာရှိတစ်ဦးက အတည်ပြုပြောကြားသည်။ ယင်းသို့ ရဟတ်ယာဉ်ပျက်ကျခြင်းမှာ ရန်သူကပစ်ချသည့်အတွက်မဟုတ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်နယ်စပ်ပိတ်ထားမှုကြောင့် နေတိုးထောက်ပံ့ပစ္စည်းပို့စရိတ် ကြီးမားလျက်ရှိ

ဝါရှင်တန် ဇန်နဝါရီ ၂၁

ပါကစ္စတန်နိုင်ငံက နေတိုးကားတန်းများကို နိုဝင်ဘာလက ၎င်း၏နယ်စပ်ကို ဖြတ်ကျော်ခွင့်ပိတ်လိုက်ပြီးနောက် အခြားလမ်းများမှတစ်ဆင့် အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့ဝင်များထံ ထရပ်ကားများဖြင့် ထောက်ပံ့ရေးပစ္စည်းတင်ပို့စရိတ်မှာ ခြောက်ဆတိုး ကုန်ကျလျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

တွေ့ရှိ

ထောက်ပံ့ရေး ပစ္စည်းများကို အခြားလမ်းများမှ ပေးပို့ရာတွင် ယခုအခါ လစဉ် အမေရိကန်ဒေါ်လာ ၁၀၄ သန်းခန့် ကုန်ကျနေကြောင်း အမေရိကန်စစ်ဌာနချုပ်စာရင်းများ၌ ဇန်နဝါရီ ၁၉ ရက်က ဖော်ပြသည်။ ပါကစ္စတန်ပိုင်နက်အတွင်း ဖြတ်သန်းပေးပို့ခြင်းထက် ထောက်ပံ့ရေးပစ္စည်းတင်ပို့စရိတ်မှာ ယခုအခါ အမေရိကန်ဒေါ်လာ ၈၇ သန်း လစဉ်ပိုမိုကုန်ကျကြောင်း သိရသည်။

အမေရိကန်နှင့် ပါကစ္စတန် ဆက်ဆံရေးတိုးတက်မှုမရှိသမျှ ထောက်ပံ့ရေးပစ္စည်းပို့ဆောင်မှုကုန်ကျစရိတ် အချိန်အတန်ကြာ ပိုမိုများပြားနေဦးမည့်လက္ခဏာရှိကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ဂြိုဟ်တုကိုးလုံးသယ်ဆောင်မည့် ဗီဂါဒုံးပျံလွှတ်တင်မည်

ပါရီ ဇန်နဝါရီ ၂၁

ဂြိုဟ်တုကိုးလုံးကို သယ်ဆောင်သွားမည့် ဗီဂါဒုံးပျံ**(ယာပုံ)**ကို ပြင်သစ်နိုင်ငံ ကောယူအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဇန်နဝါရီလကုန်တွင် လွှတ်တင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီမှ ဇန်နဝါရီ ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

ဥရောပ အာကာသအေဂျင်စီ၏ ဒုံးပျံသစ်ဗီဂါအား ကောယူအာကာသယာဉ် လွှတ်တင်ရေးစခန်း၌ နောက်ဆုံးစစ်ဆေးမှုများကို အပြီးသတ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ သယ်ဆောင်သွားမည့် ဂြိုဟ်တုကိုးလုံးမှာ အီတလီဥရောပအာကာသအေဂျင်စီ၏ လာရက်စ်နှင့် အလ်မာဆက်-၁ အမည်ရှိ ဂြိုဟ်တုနှစ်လုံးအပါအဝင် ဥရောပအာကာသအေဂျင်စီ၏ ကျူဆက်စ်အမည်ရှိ ဂြိုဟ်တုခုနစ်လုံးတို့ဖြစ်သည်။

ယခုအခါ ဒုံးပျံလွှတ်စင်၌ ဗီဂါဒုံးပျံနှင့် အကူဂြိုဟ်တုများကိုလည်း တပ်ဆင်ပြီးဖြစ်ရာ နည်းစနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းအားနည်းမှုရှိမရှိကို ဇန်နဝါရီ ၂၀ ရက်က အသေးစိတ် စစ်ဆေးခဲ့ကြသည်။

အဆိုပါ ဂြိုဟ်တုများကို ဥရောပနှင့်အခြားဒေသများရှိ နိုင်ငံအများအပြားတွင် ရာသီဥတုနှင့် သတင်းဆက်သွယ်ရေးဆိုင်ရာများ ဖြန့်ဖြူးရာ၌ ပိုမိုလျင်မြန်စေရေးအတွက် အသုံးပြုမည်ဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ချီကာဂို၌ ဆီးနှင်းများထူထပ်စွာကျဆင်း လေယာဉ်ခရီးစဉ် ၃၇၀ ကျော် ဖျက်သိမ်း

ချီကာဂို ဇန်နဝါရီ ၂၁

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ဇန်နဝါရီ ၂၁ ရက် နံနက်က ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် အိုဟာရေးနှင့် မစ်ဝေးလေဆိပ်များမှ လေယာဉ်ခရီးစဉ် ၃၇၀ ကျော်ကို ဖျက်သိမ်းလိုက်ရကြောင်း အမေရိကန်လေကြောင်းအရာရှိများက သတင်းထုတ်ပြန်သည်။

အဆိုပါ ဆီးနှင်းများမှာ ဇန်နဝါရီ ၂၀ ရက် နံနက်မှ စတင်ကာ ထူထပ်စွာကျဆင်းလျက်ရှိရာ ချီကာဂိုမြို့စည်ပင်သာယာရေးနယ်မြေအတွင်း ဆီးနှင်းထုမှာ ရှစ်လက်မအထိ ဖုံးလွှမ်းနေခဲ့သည်။ ဆီးနှင်းကျဆင်းမှုမှာ ဆက်လက်ဖြစ်ပွားမည်ဟု ၎င်းတို့က ပြောကြားသည်။ ချီကာဂိုမြို့ အိုဟာရေးလေဆိပ်တွင် လေယာဉ်ခရီးစဉ် ၃၀၀ ခန့် ဖျက်သိမ်းထားရပြီး မစ်ဝေးလေဆိပ်တွင် လေယာဉ်ခရီးစဉ် ၇၀ ကျော် ဖျက်သိမ်းထားရသည်ဟု မြို့ပြလေကြောင်းအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ယင်းလေဆိပ်များတွင် ပြီးခဲ့သည့် သီတင်းတစ်ပတ်ကလည်း ဆီးနှင်းများကျဆင်းခဲ့ရာ မစ်ဝေးလေဆိပ်၌ ဆီးနှင်းထုရှစ်လက်မအထိရှိခဲ့ပြီး အိုဟာရေးလေဆိပ်၌မူ ဆီးနှင်းထု ငါးလက်မခန့်အထိကျဆင်းခဲ့သည်။ လေဆိပ်အာဏာပိုင်များက ဆီးနှင်းများဖယ်ရှားရေး စီမံဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

တူရကီကမ်းလွန်၌ သင်္ဘောသုံးစင်းတိုက်မိ

အစ္စတန်ဘူလ် ဇန်နဝါရီ ၂၁

တူရကီနိုင်ငံတောင်ပိုင်းကမ်းလွန်တွင် ဇန်နဝါရီ ၂၀ ရက်က ကုန်တင်သင်္ဘောတစ်စင်းနှင့် အခြားသင်္ဘောနှစ်စင်းတိုက်မိခဲ့ရာ ကုန်တင်သင်္ဘောနစ်မြုပ်ခဲ့ကြောင်း တူရကီရေကြောင်းအရာရှိများက ဇန်နဝါရီ ၂၁ ရက်၌ ဖော်ပြသည်။ **(အောက်ပုံ)**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တောင်ဘက် ဇေတန်ဘာနူမြို့ဆိပ်ကမ်းအနီးတွင် ကျောက်ချရပ်နားထားသည့် ဒတ်ချ်နိုင်ငံအလံ လွှင့်ထူထားသည့် စလေ့ချ်တာဒစ်အမည်ရှိ သင်္ဘောတစ်စင်းနှင့်တန်ဇန်းနီးယားနိုင်ငံအလံ လွှင့်ထူထားသည့် အဒရီရာဘလူ အမည်ရှိ သင်္ဘောတို့အား ကာယန်-၁ အမည်ရှိ ကုန်တင်သင်္ဘောတစ်စင်းက ကျောက်ချရပ်နားရန် ကြိုးစားစဉ် ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

၎င်းကုန်တင်သင်္ဘောပေါ်တွင် သင်္ဘောသား ၃၀ ပါရှိပြီး ကုန်သေတ္တာများ တင်ဆောင်ထားသည်။ အဆိုပါ သင်္ဘောကျောက်ချရပ်နားရန် ကြိုးစားနေစဉ် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အခြားသင်္ဘောနှစ်စင်းနှင့် ဝင်တိုက်ကာ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အတိုက်ခံရသည့် သင်္ဘောနှစ်စင်းကိုယ်ထည်တွင် အနည်းငယ် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည်။ ယခုအခါ တူရကီကမ်းခြေစောင့်တပ်ဖွဲ့က ၎င်းကုန်တင်သင်္ဘောကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၂၁-၁-၂၀၁၂

>> တင်မောင်လွင် - ရေးသားသည် <<

တရုတ်နှင့်အီရန်အရာရှိများ အီရန်နျူကလီးယားကိစ္စဆွေးနွေး

တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ လက်ထောက် ဇူဟန်လောင်သည် နိုင်ငံအတွင်း ချစ်ကြည်ရေးခရီးစဉ်အဖြစ် အလည်အပတ်ရောက်ရှိနေသည့် အီရန်နိုင်ငံ၏ အဆင့်မြင့်အမျိုးသားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူး အလီဘတ်ရီနှင့် အီရန်နိုင်ငံ၏ နျူကလီးယားအရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း ဇန်နဝါရီ ၂၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံအနေဖြင့် အီရန်နိုင်ငံ၏ နျူကလီးယားကိစ္စအား နှစ်ဦးနှစ်ဖက်အပြန်အလှန် စေ့စပ်ဆွေးနွေးခြင်းကို အေးအေးချမ်းချမ်းဖြင့် ဆုံးဖြတ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ အီရန်နိုင်ငံက အဓိကဦးစားပေးတစ်ရပ်ဖြစ်သည့် နိုင်ငံတကာအဏုမြူစွမ်းအင်ဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး အမေရိကန်၊ ရုရှား၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့ပါဝင်သည့် နိုင်ငံတကာဖျော်ဖြေရေးအဖွဲ့ (၆)ဖွဲ့အုပ်စုနှင့် မကြာမီဆွေးနွေးမှုများ ပြန်လည်စတင်သွားသင့်ကြောင်း ဇူဟန်လောင်က ပြောကြားခဲ့သည်။ တရုတ်နိုင်ငံက အီရန်နိုင်ငံ၏နျူကလီးယားကိစ္စကို မည်မည်ရရဖြေရှင်းသွားရန်နှင့် ငြိမ်းချမ်းရေးနှင့်ဆွေးနွေးမှုများ လွယ်ကူချောမွေ့သွားစေရန် ရေရှည်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာစီးပွားရေးအဖွဲ့များနှင့်လည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တူရကီစစ်ဘက်လေ့ကျင့်ရေး လေယာဉ်တစ်စင်း အာဂျန်ပင်လယ်အတွင်း ပျက်ကျ

တူရကီစစ်ဘက်မှ ပျောက်ဆုံးလျက်ရှိသော လေ့ကျင့်ရေးလေယာဉ်တစ်စင်း အာဂျန်ပင်လယ်အတွင်းပျက်ကျနေမှုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တူရကီအစိုးရအာဘော်တစ်ပိုင်းသတင်းဌာနဖြစ်သည့် အနာတိုလီယာသတင်းဌာနက ဇန်နဝါရီ ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။

တီ-၃၇စီ လေ့ကျင့်ရေးလေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၁၇ ရက်က လေ့ကျင့်ပျံသန်းစဉ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ၎င်းလေယာဉ်သည် တူရကီနိုင်ငံ ဖိုင်မီးရာပြည်နယ်အနောက်ပိုင်းတွင် လေယာဉ်မှူးနှစ်ဦး လေ့ကျင့်ပျံသန်းစဉ် ပျောက်ဆုံးသွားခဲ့ရာမှ အာဂျန်ပင်လယ်ရေအောက်အနက် မီတာ ၁၃၀ ခန့် ကြမ်းပြင်၌ ပျက်ကျနေမှုကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

လေယာဉ်မှူးနှစ်ဦးစလုံးသည် ၎င်းလေယာဉ်ပျက်အတွင်းရှိမည်ဟု ယုံကြည်ကြောင်း ဖိုင်မီးရာပြည်နယ် အုပ်ချုပ်ရေးမှူး ကာဟစ်ကီရက်က ပြောကြားသည်။ အဆိုပါ လေယာဉ်ပျက် ဆယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်း၌ ဖော်ပြသည်။

နေတိုးအဖွဲ့ တိုက်ခိုက်မှု အာဖဂန်နစ္စတန်ပြည်သူများ ကန့်ကွက်

အရပ်သားများသေဆုံးစေသည့် နေတိုးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကို အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ ပြည်သူများက ကန့်ကွက်ဆန္ဒပြခဲ့ကြောင်း ဇန်နဝါရီ ၂၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ အာဖဂန်နစ္စတန်အရှေ့မြောက်ပိုင်း ကူနာပြည်နယ် ချောကီခရိုင်တွင် ဇန်နဝါရီ ၂၀ ရက်က အရပ်သားခြောက်ဦး သေဆုံးသွားစေသည့် နေတိုးတပ်ဖွဲ့ဝင်များ၏ ညပိုင်းစီးနင်းတိုက်ခိုက်မှုကို ပြည်သူများက ကန့်ကွက်ဆန္ဒပြခဲ့ပြီး အာဖဂန်နစ္စတန်ပြည်သူများသည် နိုင်ငံအတွင်း၌ နိုင်ငံခြားတပ်ဖွဲ့ဝင်များ တပ်စွဲထားခြင်းကို ပြစ်တင်ရှုတ်ချခဲ့သည်။ တာလီဘန်များထက် အရပ်သားများအား ပိုမိုထိခိုက်သေဆုံးစေသည့် ညပိုင်းတိုက်ခိုက်မှုများကို ချက်ချင်းရပ်ရန် အာဖဂန်နစ္စတန်အမတ်များက တောင်းဆိုခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း အရှေ့နူဆာတန်ဂါရာဒေသတွင် ဇန်နဝါရီ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၀၅ နာရီ ၃၂ မိနစ်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း အင်ဒိုနီးရှားနိုင်ငံမိုးလေဝသနှင့်ဘူမိဗေဒဆိုင်ရာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ယင်းငလျင်သည် မန်ဂါရာဘာရတ်အနောက်တောင်ဘက် ၄၈ ကီလိုမီတာအကွာ မြေအောက် ၁၂၄ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။ သေကျေပျက်စီးမှုနှင့် ဆူနာမီသတိပေးချက်များထုတ်ပြန်မှုမရှိကြောင်း ယင်းသတင်းတွင် ထပ်မံဖော်ပြသည်။ (အင်တာနက်)

အဆိုတော် အဒေလီရဲ့ သီချင်းအယ်လ်ဘမ် ကမ္ဘာ့အရောင်းရဆုံးစံချိန်တင်ခဲ့

လန်ဒန် ဇန်နဝါရီ ၂၁

ကမ္ဘာကျော်အဆိုတော် အဒေလီရဲ့ တေးအယ်လ်ဘမ် ရောင်းချမှုဟာ အမေရိကန်တေးအယ်လ်ဘမ် အရောင်းရဆုံးသမိုင်းမှာ စံချိန်တင်သွားခဲ့ပါပြီ။

သူမရဲ့ 21 လို့အမည်ပေးထားတဲ့ တေးအယ်လ်ဘမ်ဟာ အမေရိကန်နိုင်ငံမှာရှိတဲ့ Billboard 200 လို့ခေါ်တဲ့ အရောင်းရဆုံး စာရင်းမှာ ၁၆ ပတ်ဆက်တိုက် နံပါတ်တစ်အရောင်းရဆုံး တေးအယ်လ်ဘမ်အဖြစ် စံချိန်တင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလို အရောင်းရဆုံး စံချိန်တင်ခဲ့ခြင်းဟာ လွန်ခဲ့တဲ့အနှစ် ၂၀ အတွင်းမှာ အယ်လ်ဘမ် ငါးခုလောက်ပဲရှိခဲ့ပါတယ်။

ဒီ 21 လို့ အမည်ပေးထားတဲ့ တေးအယ်လ်ဘမ်ဟာ တစ်ပတ်လျှင် တေးအယ်လ်ဘမ် CD အချပ်ပေါင်း ၁၀၀၀၀၀ ကျော် ရောင်းချရပြီး ဇန်နဝါရီ ၁၉ ရက်အထိ ၃၃ ပတ်မြောက် စံချိန်တင်ထားပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ တစ်ပတ်ကို အချပ် ၁၀၀၀၀၀ ရောင်းရတယ် ဆိုပေမယ့် နံပါတ်တစ်အရောင်းရဆုံး စံချိန်ကတော့ ၁၆ပတ်မြောက် ရှိသွားခဲ့ပါပြီ။

အားပေးခဲ့တဲ့ရုပ်ရှင်ကားကြီး

ဗြိတိသျှအဆိုတော် အဒေလီ(အောက်ပုံ)ရဲ့ ဒီတေးအယ်လ်ဘမ် ရောင်းချမှုဟာ ၁၉၉၂ ခုနှစ်က တိုင်တန်းနစ်ရုပ်ရှင်ကားကြီး စံချိန်တင် ရုံတင်ပြသခဲ့ရမှုနဲ့အတူတူ ဖြစ်ပါတယ်။ အဲဒီတုန်းက တိုင်တန်းနစ်ရုပ်ရှင်ကားကြီးဟာလည်း အင်မတန် လူကြိုက်များခဲ့ပြီး ဝက်ဝက်ကွဲအောင် အားပေးခဲ့တဲ့ရုပ်ရှင်ကားကြီးပါပဲ။ ယခုလည်းအဆိုတော်အဒေလီရဲ့ 21 လို့အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာ ဗြိတိန်နိုင်ငံမှာသာမက အမေရိကန်နဲ့ ကမ္ဘာတစ်ဝန်းမှာ အားပေးဝယ်ယူမှု အများဆုံး ဖြစ်ခဲ့ပါတယ်။

(အင်တာနက်)

ဂရမ်မီတေးဂီတဆုပေးပွဲ ရက်ပါမီနားသီဆိုဖျော်ဖြေမည်

နယူးယောက် ဇန်နဝါရီ ၂၁

ရက်ပါအဆိုတော်မလေး နစ်ကီမီနားက လာမယ့်လ ဂရမ်မီတေးဂီတဆုပေးပွဲမှာ Foo Fighters ဂီတအဖွဲ့နဲ့အတူ တွဲဖက်သီဆိုမယ်လို့ ဂရမ်မီဆုရွေးချယ်ရေးအဖွဲ့က ပြောပါတယ်။

ဒီဂရမ်မီဆုပေးပွဲမှာ ကမ္ဘာကျော်အဆိုတော်တွေဖြစ်တဲ့ ဘရူနိုမား၊ ဂျက်ဆင်အော်ရင်းတို့လည်း ပါဝင်သီဆိုဖို့ စာရင်းပေးထားကြပါတယ်။ အဆိုတော်မီနားဟာ **(ယာပုံ)**ဂရမ်မီဆုလေးဆု ဆွတ်ခူးနိုင်လိမ့်မယ်လို့လည်း ဂရမ်မီဆုရွေးချယ်ရေးအဖွဲ့က ပြောပါတယ်။

လာမယ့်ဖေဖော်ဝါရီ ၁၂ရက်မှာ ကျင်းပမယ့် ဒီဆုပေးပွဲမှာ ကန်းထရီးအဆိုတော် တေလာဆွစ်နဲ့ ကယ်လီကလပ်ဆင်တို့လည်း လာရောက်သီဆိုကြဖို့ရှိပါတယ်။ ၂၀၁၁ခုနှစ်အတွင်းမှာ 21လို့အမည်ရတဲ့တေးအယ်လ်ဘမ်နဲ့ လူသိများကျော်ကြားပြီး ကမ္ဘာ့ရောင်းအားအကောင်းဆုံးအယ်လ်ဘမ်ရ အဆိုတော်အဒေလီလည်း လာရောက်သီဆိုဖို့ ဖိတ်ခေါ်ထားတယ်လို့ဆိုပါတယ်။

အသက် ၂၃နှစ်ပဲရှိသေးတဲ့ အဆိုတော်အဒေလီဟာ Someone Like You လို့အမည်ရတဲ့ သီချင်းနဲ့ သီဆိုဖို့စာရင်းပေးထားပါတယ်။ လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပမယ့် ဒီဂရမ်မီဆုပေးပွဲမှာ ရက်ပါ တန်ရေးဝက်စ်က ဂရမ်မီဆု ခုနစ်ဆု ဆွတ်ခူးနိုင်မယ်လို့ ထိပ်ဆုံးမှရေပန်းစားနေပါတယ်။

(အင်တာနက်)

ဆေးမင်ကြောင်အမည်ရှိ တေးအယ်လ်ဘမ်ထွက်ရှိ

နယူးယောက် ဇန်နဝါရီ ၂၁

အမေရိကန်ရော့ခ်ဂီတတစ်ဖွဲ့ဖြစ်တဲ့ ဗန်ဟာလန်းဟာ အဆိုတော်ဒေးဗစ်လီရော့နဲ့အတူ Tattoo လို့အမည်ရတဲ့ အယ်လ်ဘမ်ထွက်ခဲ့ပါတယ်။

ထိုးကွင်းမင်ကြောင် (Tattoo) လို့အမည်ပေးထားတဲ့ ဒီသီချင်းသစ်ဟာ ယနေ့လူငယ်တွေကြားမှာ ရေပန်းစားခဲ့ပါတယ်။ အသက် ၅၇နှစ်ရှိ အဆိုတော်ကြီး လီရော့ဟာ ဒီအခွေမှာ အဆိုအက နှစ်မျိုးစလုံး ပါဝင်သီဆိုပေးထားပါတယ်။ သူဟာ ၂၀၀၇ ခုနှစ်က ဗန်ဟာလန်းအဖွဲ့နဲ့အတူ အောင်မြင်ကျော်ကြားခဲ့တဲ့ အဆိုတော်ကြီးဖြစ်ပါတယ်။ ဗန်ဟာလန်း ဂီတအဖွဲ့ဟာ ၁၉၇၈ ခုနှစ်က ပထမဆုံး Van Halen လို့အမည်ရတဲ့ အယ်လ်ဘမ်ထွက်ခဲ့တာ ဖြစ်ပါတယ်။ **(အင်တာနက်)**

ကျေးလက်ဂီတ အကယ်ဒမီပေးပွဲ တိုင်လာနှင့် အန်ဒါဝုဒ်တို့ သီဆိုကြမည်

တင်နက်ဆီ ဇန်နဝါရီ ၂၁

*ကမ္ဘာကျော် အဆိုတော်တွေဖြစ်ကြတဲ့ စတီဗင်တိုင်လာနဲ့ ကယ်ရီအန်ဒါဝုဒ်တို့ဟာ CMT Crossroads လို့ ခေါ်တဲ့ ကျေးလက်တေးဂီတအကယ်ဒမီပေးပွဲမှာ ပါဝင်သီဆိုကြမှာ ဖြစ်ပါတယ်။ **(ဝဲပုံ)***

အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် နက်ရှ်ဗီလီမြို့မှာ လာမယ့်ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပမှာဖြစ်ပါတယ်။ အဆိုတော် စတီဗင်တိုင်လာနဲ့ ကယ်ရီအန်ဒါဝုဒ်တို့ရဲ့ သီဆိုဖျော်ဖြေမှုများကို အဲဒီနေ့မှာပဲ ကမ္ဘာတစ်ဝန်းသို့ တိုက်ရိုက်ထုတ်လွှင့်ပေးဖို့ စီစဉ်နေကြပါတယ်။

ပြီးခဲ့တဲ့နှစ်က အမေရိကန်အိုင်ဒေါလ်ချန်ပီယံဖြစ်တဲ့ အေရီစမစ်ကတော့ Undo It and Walk This Way လို့ အမည်ရတဲ့ သီချင်းနဲ့ ပရိသတ်တွေကို ဖျော်ဖြေဦးမှာဖြစ်ပါတယ်။

CMT Crossroads လို့ အမည်ရတဲ့ ကျေးလက်တေးဂီတအကယ်ဒမီဆုပေးပွဲဟာ ယခုနှစ်အပါအဝင် ဒုတိယအကြိမ်မြောက် ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံတစ်ဝန်းမှာရှိတဲ့ ကျေးလက်သီချင်းအဆိုတော်တွေထဲက တစ်နှစ်တာ အကောင်းဆုံးသီဆိုခဲ့တဲ့ သီချင်းတွေထဲမှ စိစစ်ရွေးချယ်ပြီး ဆုချီးမြှင့်တာဖြစ်ပါတယ်။

(အင်တာနက်)

◆ ကျောဖုံးမှ

နောက်ထွက်လာမယ့် သူမရဲ့အယ်လ်ဘမ်ဟာ ကိုယ်တိုင်ခံစား အသည်းကွဲသီချင်းအယ်လ်ဘမ်ပါပဲ။ ဒီတေးအယ်လ်ဘမ်ဟာ သူမရဲ့ စတုတ္ထမြောက်အယ်လ်ဘမ်ဖြစ်ပြီး တစ်ကိုယ်တော်သီဆိုထားတာဖြစ်ပါတယ်။ အဆိုတော် တေလာဆွစ်ဟာ ဒီတေးအယ်လ်ဘမ်ထဲမှာ ဝမ်းနည်းကြေကွဲခြင်းများစွာနဲ့ သီဆိုထားတယ်လို့ ဆိုပါတယ်။

(အင်တာနက်)

* ရှေ့ဖုံးမှ

ရှမ်းစက္ကူ (ခေါ်) မိုင်းကိုင်စက္ကူအဖြစ် ရရှိအောင် ပြုလုပ်ရန်မှာ "ဆာ"ဟုခေါ်သော လျှော်ပင်အခေါက်ကို ခွာယူ၍ နေလှန်းပြီး ခြောက်သွေ့သွားမှ ပြာရည် နှင့်ပြုတ်ရသည်။ "ဆာ" အခေါက်ကို ပြုတ်ရသည်မှာလည်း မလွယ်ကူလှပေ။ မီးဖိုပေါ်တွင် ပေါင်းအိုးဖြင့် ရေရောကာ ပြုတ်၍ နူးမှသာ ပြာကို စင်ကြယ်အောင် ရေဆေးရသည်။ ရေစင်အောင် ဆေးပြီးပါက ကျောက်ပြားပေါ်တွင် ညက်ညက်ကြေအောင် သစ်သားတူနှင့် ထုရပြန်သည်။

ပြုလုပ်ထား

ထို့နောက်စက္ကူပြုလုပ်ရန် မိမိလိုအပ်သော ပုံစံအရွယ်အစားအလိုက် မထူမပါးသော ပိတ်သားစကို ဝါးခြမ်းဖြင့်လေးဖက်ညှပ်ပုံစံပြုလုပ်ရသည်။ ပိတ်ကြမ်းလျှင် စက္ကူကြမ်း၍ ပိတ်ချောလျှင်လည်း ရေမပေါက်သဖြင့် ပိတ်အလတ်စားကို အသုံးပြုရသည်။ ၄င်းပိတ်ပုံစံခွက်ကို များနိုင်သမျှများအောင် ပြုလုပ်ထားပြီး ရေကန်ငယ်တစ်ခုကို ပိတ်အရွယ်နှင့် ထပ်တူထပ်မျှ ပြုလုပ်ထားရသည်။

ဆက်လက်၍ အဆိုပါရေကန်တွင် စက္ကူအရွယ်ပိတ်ကို ချလိုက်ပြီး ညက်ညက်ကြေအောင်ထုထားသော "ဆာ"ကို ဝါးကျည်တောက်ထဲရေနှင့်သမအောင်မွှေပြီးလျှင် ပိတ်ပေါ်သို့ လောင်းချရသည်။ ထို့နောက်လက်ဖဝါးဖြင့်ရေလှောင်ကန်ထဲမှ ပိတ်ကို ထုတ်ယူရသည်။ ထိုအခါ ပိတ်ပေါ်တွင် "ဆာ"အဖတ်သာ ကျန်ရစ်ပြီး ရေစစ်သွားအောင်ထား၍ နေလှန်းရပေသည်။ နေကောင်းကောင်းပူလျှင် တစ်ရက်တည်းနှင့် ခြောက်သွေ့ပြီး ပိတ်ပေါ်မှ ခွာယူတော့မည်ဆိုပါက ကြွေလက်ဖက်ရည်ပန်းကန် သို့မဟုတ် သစ်သားလက်ကိုင်တုတ်အချောစားကို စက္ကူပေါ် ချောအောင် ပွတ်တိုက်ပေးပြီးမှ ခွာယူရသည်။ ရှမ်းပြည်နယ်၏ လက်မှုပညာတစ်ရပ်ဖြစ်သဖြင့် လုပ်ငန်း၏ အစမှ ပြီးဆုံးသည်အထိ စက္ကူအဖြစ် ရောက်ရှိအောင် လက်ဖြင့်သာ လုပ်ကိုင်ကြရကြောင်း လုပ်ငန်းရှင်အသက် (၇၇)နှစ်ရှိ ဒေါ်နိုင်းယိမ်းက ရှင်းလင်းပြသသည်။

အရောင်းသွက်

ရှမ်းစက္ကူ(ခေါ်) မိုင်းကိုင်စက္ကူကို တစ်လလျှင်အချပ်ရေ ၁၀သိန်းကျော်အထိ ထုတ်လုပ်လျက်ရှိပြီး စက္ကူအမျိုးအစားကို နှစ်မျိုးခန့် ထုတ်လုပ်ကြသော်လည်း ယခုအခါ တစ်မျိုးတည်းသာ ထုတ်လုပ်လျက်ရှိရာအချပ်ရေ ၁၀၀လျှင် ကျပ် ၆၀၀၀၊ တစ်ခါ တစ်ရံ ကျပ် ၇၀၀၀ အထိ ဈေးနှုန်း ရှိကာ အလွယ်တကူ စုတ်ပြဲနိုင်ခြင်းမရှိသည့်အတွက် အရောင်းသွက်သော ရောင်းကုန်တစ်မျိုးဖြစ်ကြောင်း သိရသည်။

သွားရောက်လေ့လာ

ယခုချိန်ခါသည် ပွင့်လင်းရာသီဖြစ်သည်နှင့်အညီ နိုင်ငံခြားသား ခရီးသွားဧည့်သည်များပင် ရှမ်းစက္ကူ လုပ်ငန်းပြုလုပ်ရာဒေသသို့ စိတ်ဝင်စားစွာ သွားရောက်လေ့လာသည်ကို တွေ့ရသည်။

အချို့သော ရှမ်းရွာများတွင် အိပ်ရာခင်းနိုင်သည်အထိ ထူအောင် ပြုလုပ်၍ အချို့မှာ သစ်စေးသုတ်ပြီး မိုးကာအဖြစ် အသုံးပြုကြသည်။ မိုင်းကိုင်စက္ကူဟု အမည်နာမတွင်လာခဲ့ခြင်းမှာ မိုင်းကိုင်နယ်မှ စတင်ပေါ်ပေါက်လာခြင်းကြောင့် ယင်းအမည်ကို အစွဲပြု၍ ခေါ်တွင်ခဲ့ကြောင်းသိရသည်။

ရှမ်းစက္ကူ (ခေါ်) မိုင်းကိုင်စက္ကူလုပ်ငန်းကို ယခုကဲ့သို့ လယ်ယာလုပ်ငန်းခွင်အားလပ်ချိန်တွင် ဓားမဦးချ လက်မှုပညာအနေဖြင့် အပိုဝင်ငွေရရှိအောင် လုပ်ဆောင်ခြင်းမျိုး မဟုတ်မူဘဲ ရေရှည်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် စက်မှုလုပ်ငန်းအသွင်သို့ ပြောင်းလဲလုပ်ဆောင်ကြမည်ဆိုပါလျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်အတွက် များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

နေလှန်းခြောက်ပြီးက ပြာရည်ဖြင့် မီးဖိုပေါ်တွင် ပြုတ်ရသည်။

ပြုတ်ပြီးက ကျောက်ပြားပေါ် သစ်သားတူဖြင့် ကြေညက်အောင်ထုရသည်။

ဝါးဆစ်တွင် ရေထည့်ကာ တုတ်နှင့်အထက်အောက် သမအောင် မွှေပေးရသည်။

မထူမပါးပိတ်စကို ဝါးခြမ်းအသုံးပြုပြီး ဤသို့ လေးဖက်ညှပ်ရသည်။

ခြောက်သွေ့ပါက လက်ဖက်ရည်ကြွေပန်းကန်လုံးဖြင့် ပွတ်တိုက်ပြီး ခွာယူရသည်။

နောင်ချိုမြို့၌ လွတ်လပ်ရေးနေ့ကျင်းပ

နောင်ချို ဇန်နဝါရီ ၂၁

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က နောင်ချိုမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွန်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကိုဖတ်ကြားပြီး စာစီစာကုံးပြိုင်ပွဲဆုရ အထက်တန်းနှင့် အလယ်တန်း အဆင့်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ယဉ်ကျေးလိမ္မာ ကလေးတရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းနှင့် ဓမ္မမိတ်ဆွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ယဉ်ကျေးလိမ္မာ ကလေးတရားပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဝ နဝဒေးရုပ်ရှင်ရုံရှေ့ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ ဇန်နဝါရီ ၂၈ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ သံဝေဂဆရာတော် အရှင်သောမ (ထားဝယ်) (ပြည်တွင်းပြည်ပသာသနာပြု)က ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း ဖုန်း- ၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄၊ ၀၉-၅၁၄၃-၉-၉၈၊ ၀၉-၅၀၁၅၄၄၆ နှင့် ဓမ္မမိတ်ဆွေအဖွဲ့ ဖုန်း- ၀၉-၄၉၂၉၄၆၇၆၊ ၀၉-၅၀၁၁၆၅၀ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
၅:၂၀ MRTV-4 သတင်း
၅:၄၀ **ဘယ်လောက်ပြင်ပြင် မလှနိုင်ပါလား** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၆:၃၀ ဘွဲ့အမည်နာမတော် သုံးမျိုးနဲ့ ထင်ပေါ် ဘုရင့်ညီနောင်ရတနာ လိုဏ်ဂူတော်
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၄)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၄၇)
၈:၅၅ The Shop Around The Corner
၉:၂၀ ထာဝရကုသိုလ်ပင် စိုက်ပျိုးခဲ့လေပြီ…သလ္လာဝတီ
၉:၄၅ Sunday Talk (ရဲမှူးထွန်းထွန်းဝေ၊ မျိုးမြတ်သူ)
၁၀:၁၀ ပြည်သူများအတွက် မန်းမြေ ဆရာဝန်အသင်းရဲ့ ဆေးပညာ နှီးနှောဖလှယ်ပွဲ
၁၀:၃၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **အချစ်ကျွိုင်**
၁၁:၀၀ National Expo Exhibition Car Show
၁၁:၂၀ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ၁၉၇၀-၁၉၇၄ ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူဟောင်း များ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ)
၁၁:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၂)
၁၂:၂၀ ကုသိုလ်ကောင်းမှုအခါခါပြု သာဓုခေါ်စေသောဝ်…
၁၂:၃၅ ဥပါလိသိမ်တော် ရေစက်ချနှင့် သိက္ခာထပ်မင်္ဂလာ
၁:၀၀ **ဘယ်လောက်ပြင်ပြင် မလှနိုင်ပါလား** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၄၇)
၃:၃၀ **MNL MYANMAR 2012 Southern Myanmar Fc Vs Manawmyay Fc (LIVE)**
၅:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၃)
၆:၀၀ MRTV-4 သတင်း
၆:၁၅ Kid's Show
၆:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၅)
၇:၄၅ သွားမယ်စားမယ် (Main Resturant)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ၂၀၁၀ ခုနှစ် အကယ်ဒမီအကြိုရင်ခုန်သံ
၈:၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၅)
၉:၀၅ ဗီဒီယိုပြခန်း
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၄၈)
၁၀:၂၅ **Barclays Premier League Arsenal Vs Man U**
၁၂:၂၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၂:၅၀ အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
၁:၁၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေမြတ်ဝါဆို)
၁:၃၀ နည်းပညာမျှဝေလို့ သစ်မွေးထုတ်လုပ်စို့
၁:၄၅ နပျိုလန်းဆန်းကျန်းမာဖို့ SG 2000 Ultrasonic Bubble Message Bath
၂:၁၀ **လှဖြစ်ရှုံးပါပြီကွာ** (ရုပ်ရှင်သရုပ်ဆောင်များ၊ ဒါရိုက်တာ-ညီညီထွန်းလွင်)
၂:၁၅ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၂:၂၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
၂:၄၀ မြန်မာ့တူရိယာစည်တော်ကြီး
၂:၅၅ စိတ်၏ကကြိုး
၃:၃၅ တောင်ပေါ်ကမ္ဘာပေါ်မှ အပန်းဖြေနားခိုရာများ
၃:၅၀ Celebrity Profile (Avirl Lavigne)
၄:၂၅ မြစ်သံလွင်ကမ်းနံဘေးက… အေးချမ်းသည့်နားခိုရာ
၄:၄၀ စကားဝါမြေမှ မေတ္တာရှင် ဇီဝိတဒါန အာရောဂျသာလာ သံဃဆေးရုံ

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၀၀	Man City- Spurs	(ESPN)
၁၀:၂၅	Arsenal- Man U	(ESPN) (MRTV-4)

ဗဟန်းမြို့နယ် အထက (၁) ပညာရေး စုံညီပွဲတော် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ရာဇာမင်းဟန်အား ကျောင်းအကျိုးတော်ဆောင်နာယက ဒေါက်တာဒေါ်သန်းသန်းရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဇန်နဝါရီ ၃ ရက်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် လှိုင်မြို့နယ် အလက(၃) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရေးစုံညီပွဲတော် ကျင်းပရာ ဒုတိယတန်းတွင် ပထမဆုရရှိသော မယွန်းဝတီထွန်းအား ဆရာမကြီး ဒေါ်ခင်ဌေးမော် ဆုချီးမြှင့်စဉ်။ (၁၂၂)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အား နီပေါနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းအား မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Ms. Guna Laxmi Sharma သည် ဇန်နဝါရီ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ရုံး၌ လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

❍ ရွှေဖုံးမှ

အထူးအားဖြင့် လက်ပန်ခြေပေါ်ဘက်ကမ်းတံတားပေါ်မှ ညောင်ဦးသို့ လာရာလမ်းဘက်တွင် ကားများနှင့် မော်တော်ဆိုင်ကယ်များသည် ရေတွက်မရအောင် များပြားလျက်ရှိသည်။ ဘုရားဖူးလာအမျိုးသမီးတစ်ဦးက ပခုက္ကူတံတား ဖွင့်သည်ဆိုကတည်းက ပုရွက်ဆိတ်အုံတုတ်နဲ့ထိုးလိုက်သလို ဆိုင်ကယ်များ အသွားအလာပိုများပြားလာကြောင်း ပြောပြသည်။ စည်ကားလိုက်သည့် ဖြစ်ခြင်း။

ရောဝတီတံတား(ပခုက္ကူ) ဖွင့်လှစ်ပြီးသွားသဖြင့် ရောဝတီတစ်ဖက်ကမ်း ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ကမ္မမြို့နယ်၊ ပေါက်မြို့နယ်တို့မှ တံတားကြီးကို ဖြတ်သန်းလာရောက်ကြသူများဖြင့် ဘုရားပွဲမှာ ပိုမိုစည်ကားလာသည်ကို ဒေသခံပြည်သူတစ်ဦးထံမှ သိရှိရသည်။

ပွဲတော်ကို လာရောက်သောဧည့်ပရိသတ်များကိုလည်း ခြင်းလုံးခတ်ပွဲ၊ ရုပ်ရှင်၊ ဇာတ်ပွဲများနှင့် ဧည့်ခံကြသည်။

ယခုနှစ်တွင် ပခုက္ကူတံတားကြီးဖွင့်လှစ်လိုက်သဖြင့် ပြာသိုလတစ်လလုံး ကျင်းပသည့် အာနန္ဒာဘုရားပွဲတော်သည် အထူးစည်ကားလျက်ရှိနေကြောင်း နယ်မြေခံ အာနန္ဒာဘုရားလူကြီးတစ်ဦးထံမှ သိရှိရသည်။ ။

မိတ္ထီလာဂေါက်သီးရိုက်အသင်း နှစ်ပတ်လည် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၁

မိတ္ထီလာဂေါက်သီးရိုက် အသင်း၏ ၂၀၁၂ ခုနှစ် နှစ်ပတ်လည်ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို မိတ္ထီလာလေတပ် ဂေါက်ကွင်းတွင် ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အကျောပေးရိုက်ချက် ၀ မှ ၁၂ ထိ ရွှေတန်း၊ ၁၃ မှ ၁၈ ထိ ငွေတန်း၊ ၁၉ မှ ၂၄ ထိ ကြေးတန်းစသော အတန်းလိုက်ပြိုင်ပွဲများ၊ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ၊ အသက် ၅၅ နှစ်အထက် သက်ကြီးတန်းပြိုင်ပွဲနှင့် အကျောပေး ၁၂ နှင့်အောက် အနည်းဆုံး တစ်ဦးနှင့် အကျောပေး ၁၈ အထိ စုစုပေါင်း လေးဦးပါ အသင်းလိုက်ပြိုင်ပွဲများကျင်းပမည့်အပြင် အထူးဆုများပါ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲ Sponsor များအဖြစ် ဒဂုံဗျူရီ ကုမ္ပဏီလီမိတက်၊ ကောင်းမြတ်ကုမ္ပဏီလီမိတက်နှင့် Air Bagan Ltd., တို့က အဓိကကူညီပံ့ပိုးထားကာ NIVEA နှင့် KTM သောက်ရေသန့်တို့က ပူးပေါင်းပံ့ပိုးလျက် မြင်းခြံ၊ ပခုက္ကူ၊ ညောင်ဦး၊ ပုပ္ပား၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များမှ ပြိုင်ပွဲဝင်များအား ဖိတ်ခေါ်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) **ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။**
(ခ) **မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။**
(ဂ) **မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။**

လျှပ်စစ်အန္တရာယ်ကင်းရေး ကွင်းဆင်းဆောင်ရွက်

လက်ပံတန်း ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မှူး ဦးအောင်စိုးနှင့်ဝန်ထမ်းများသည် ဒီဇင်ဘာ ၃၀ ရက်က ဓာတ်လိုက်အန္တရာယ်ကင်းဝေးစေရေးနှင့် လျှပ်စစ်ကြောင့် မီးလောင်မှုမဖြစ်ပွားစေရေးတို့အတွက် မီးသုံးစွဲသည့်နေအိမ်များသို့ ကွင်းဆင်း၍ ဆားဗစ်ကြိုးများနှင့် အိမ်တွင်းဝိုင်ယာကြိုးများကို တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (၀၉၈)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း (ထက်ခွဲ) ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဘက်စုံ ထူးချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကျောင်းပေါင်းစုံ ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမဆုရ ထက်/ခွဲ လ(၄)အသင်းအား မြို့နယ်ပညာရေးမှူး ဦးကျော်တင့် ဆုချီးမြှင့်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း စာအုပ်စင်ကလျာ ၂၁-၁-၂၀၁၂

ဥတုရာသီတည်ငြိမ်ရေး သင်လည်းပါဝင်လှုပ်ရှားပေး စာအုပ်ထုတ်ဝေ

နိုင်ငံတော်အတွက် အသက်ကို ပဓာနမထား၊ စွန့်လွှတ်စွန့်စား တပ်မတော်သားဘဝတွင် နှစ်ပေါင်း ၂၀ ခန့်၊ သစ်တောရေးရာ ဝန်ကြီးဌာနတွင် တာဝန်များကို ၁၇ နှစ်ခန့် စုစုပေါင်း ၃၇ နှစ်ခန့် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သော စာရေးဆရာ တက္ကသိုလ်တင်လတ်ကျော်၏ ***"ဥတုရာသီတည်ငြိမ်ရေး သင်လည်းပါဝင် လှုပ်ရှားပေး"*** *စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။*

သဘာဝသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေးပညာရှင် ကမ္ဘာမြေချစ်သူ ဦးအုန်းက "သာမန်သစ်တောပညာရှင် တစ်ယောက်ပင် စွမ်းဆောင်ခြင်းမပြုနိုင်သော သဘာဝပတ်ဝန်းကျင် အထောက်အကူပြု ဆောင်းပါးများကို ပြည့်ပြည့်စုံစုံ ပြုစုရေးသားနိုင်ခြင်းမှာ ထူးကဲသော အရည်အချင်းတစ်ခုဖြစ်သည်ဟူ၍လည်းကောင်း၊ စာရေးဆရာရဲမြင့် (သစ်တော)က ဤစာအုပ်ကြီးသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမိုင်း မှတ်တိုင်အဖြစ် ကျန်ရှိလိမ့်မည်ဟူ၍လည်းကောင်း၊ အငြိမ်းစား သစ်တောညွှန်ချုပ် ဦးတင်လှက ကမ္ဘာကြီးမပူနွေးအောင် ဘာတွေလုပ်ကြရမလဲဆိုရင် ယခုစာအုပ်ပါ ဆောင်းပါးများ ဖတ်ကြပါဟု ပြောလိုပါကြောင်း စသဖြင့် အသီးသီးအမှာစာများ ရေးသားထားကြသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ထူးခြား၊ ရှားပါးလှသည့် စာအုပ်တစ်အုပ်ဖြစ်ပြီး သရုပ်ဖော်ပုံပေါင်းများစွာ၊ ရောင်စုံဓာတ်ပုံများစွာဖြင့် စီစဉ်တင်ဆက်ထားသော ဤစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဆောက်အအုံ၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၄၅၃၂၊ ၀၉-၇၃၂၀၁၉၂၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂)ရန်ကင်းကြေးအိုးနှင့် အလက(၁) ရန်ကင်းကြား၊ သစ္စာလမ်းမကြီး ရန်ကုန်၊ ဖုန်း-၀၉-၇၃၂၀၁၉၁၁ တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

အလှူရေစက်လက်နှင့်မကွာ ကုသိုလ်ရှင်မလေး ဒေါ်မြနန်းနွယ် စာအုပ်ဖြန့်ချိ

မြေလတ်မြတ်သူ ရေးသားသည့် အလှူရေစက်လက်နှင့်မကွာ ကုသိုလ်ရှင်မလေး ဒေါ်မြနန်းနွယ်စာအုပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် သာယာဝတီခရိုင် သုံးဆယ်မြို့ ရွာမရွာရှိ မြတောင်စေတီတော်ကို တည်ထားသူ ဘုရားဒါယိကာမ ဒေါ်မြနန်းနွယ်အကြောင်းနှင့် စေတီတော်သမိုင်းကို ရေးသားဖော်ပြထားသည်။ ရွာမရွာသည် ဆရာကြီး ပီမိုးနင်း၏ ဇာတိဖြစ်ပြီး ပီမိုးနင်း စာကြည့်တိုက်ကို တည်ဆောက်ထားရာ စာကြည့်တိုက်သို့ လာရောက်လေ့လာလိုသူများ စေတီတော်သမိုင်းကို လေ့လာနိုင်ရန် ဤစာအုပ်ကို ရေးသားထားကြောင်း စာရေးသူက ဖော်ပြထားသည်။ စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် ၂၃၇၊ (ပထမထပ်-ဝဲ) ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅၊ ဖုန်း-၀၉-၇၃၀၅၉၉၃၅ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

ပါမောက္ခဒေါက်တာစိန်ထွန်းသွားခဲ့သော သိပ္ပံခရီးစာအုပ်ထုတ်ဝေ

ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်တို့တွင် ရူပဗေဒပါမောက္ခအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ပါမောက္ခဒေါက်တာစိန်ထွန်း၏ ရူပဗေဒသိပ္ပံဆိုင်ရာ ဆောင်းပါးများကို ရူပဗေဒဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော ဒေါက်တာ ကျော်သန်းမိုးက စုစည်းရေးသားထားသော စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် နက္ခတ္တဗေဒဆိုင်ရာ ရူပဗေဒအမြင်၊ လူအများစိတ်ဝင်စားနေသော တွင်းနက်ကြီးများအကြောင်း၊ ရူပဗေဒနှင့်သျှာဆက်စပ်ဆောင်းပါးများ၊ ကမ္ဘာ့ရူပဗေဒပညာရှင်ကြီးများ ဖြစ်သည့် စတီဖင်ဟောကင်း၊ အိုင်းစတိုင်း၊ အိုင်စက်နယူတန် စသည့်ပညာရှင်ကြီးများ၏ အကြောင်း ဆောင်းပါးများ၊ အပူ၊ လျှပ်စစ်နှင့် လျှပ်စစ်သံလိုက်စက်ကွင်းဆိုင်ရာ ဆောင်းပါးများ၊ အေရိုဒိုင်းနမစ်ပညာစသည့် ဆောင်းပါးများပါဝင်သည်။

ရူပဗေဒကျောင်းသားများနှင့် ရူပဗေဒကို စိတ်ဝင်စားသော ပညာရှင်များ လက်မလွှတ်တမ်း ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်ပြီး မျက်ပွင့်စာပေမှ ထုတ်ဝေ၍ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတကာအားကစားသတင်းမြင်ကွင်း

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၈)ယှဉ်ပြိုင်၊ အိမ်ကွင်း၌ မွန်ချန်တို့ နိုင်ပွဲရရှိ

ဘာလင် ဇန်နဝါရီ ၂၁

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၈)ကို ဇန်နဝါရီ ၂၁ရက်က ဆက်လက်ကစားရာ မွန်ချန်နှင့် ဘေယန်မြူးနစ်တို့ပွဲတွင် အိမ်ရှင်မွန်ချန် တို့က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ (အပေါ်ပုံ)

ဧည့်သည်ဘေယန်မြူးနစ်အသင်းသည် တန်းစီဇယားကို အမှတ်ပြတ်ဖြင့် ဦးဆောင်ထားနိုင်ရေးကြိုးစားခဲ့သော်လည်း အိမ်ရှင်မွန်ချန်တို့၏ ဦးဆောင်ဂိုးများ သွင်းယူမှုအောက်တွင် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ မွန်ချန်အသင်းတိုက်စစ်မှူးများက အဖွင့်ဂိုး မြန်မြန်သွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ပွဲချိန် ၁၁မိနစ်၌ပင် ရီအက်စ်က ဖွင့်ဆော်ဦးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ဘေယန်မြူးနစ်တို့ ချေပဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့သော်လည်း အရာမဝင်ဘဲ ဖြစ်ခဲ့ရသည်။ ဆက်လက်ပြီး ပွဲချိန် ၄၁မိနစ်၌ မွန်ချန်မှ ဟာမန်းက ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်အပြီး မွန်ချန်တို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင်လည်း ဘေယန်မြူးနစ်တို့ ချေပဂိုးမသွင်းနိုင်ဘဲဖြစ်နေရာ ၇၂မိနစ်တွင် မွန်ချန်မှဟာမန်းကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့ပြန်သဖြင့် မွန်ချန်တို့ သုံးဂိုးရရှိခဲ့သည်။ ဘေယန်မြူးနစ်တို့ ပွဲချိန် ၇၆မိနစ်ရောက်မှသာ ရှဝိန်းစတိုင်ဂါက ချေပဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် မွန်ချန်တို့သုံးဂိုး- တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဘေယန်မြူးနစ်တို့ ယခုပွဲရှုံးခဲ့သဖြင့် ပွဲစဉ်(၁၈) ကစားအပြီး ၃၇မှတ်ဖြင့် တန်းစီဇယားကိုဦးဆောင်ဆဲဖြစ်သော်လည်း ဒုတိယနေရာမှ မွန်ချန်နှင့် တစ်မှတ်သာ ကွာခြားလျက်ရှိသည်။ (အင်တာနက်)

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ တရုတ်တင်းနစ်မယ် လီနာနိုင်ပွဲရရှိ

မဲလ်ဘုန်း ဇန်နဝါရီ ၂၁

၂၀၁၂ ဩစတြေးလျအိုးပင်းတင်းနစ် ပြိုင်ပွဲများကို ဇန်နဝါရီ ၂၁ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်၌ တရုတ်တင်းနစ်မယ်လီနာ **(ယာပုံ)**က စပိန်တင်းနစ်မယ် ဂါရီဂတ်စ်အား ပွဲချိန်ပြည့်သည်အထိ မယှဉ်ပြိုင်ရဘဲ အနိုင်ရရှိခဲ့ပြီး စတုတ္ထအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အနိုင်ရ

ပြင်သစ်တင်းနစ်မယ် ဂါရီဂတ်စ်သည် ညာဘက်ခြေချင်းဝတ် ဒဏ်ရာနာကျင်မှုကြောင့် ပြိုင်ပွဲပြီးဆုံးအောင် မကစားနိုင်ခဲ့သဖြင့် လီနာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ လီနာသည် စတုတ္ထအဆင့်ပွဲစဉ်၌ ဘယ်လ်ဂျီယံတင်းနစ်မယ် ကင်ကလစ်ချ်စတားနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကလစ်ချ်စတားသည် တတိယအဆင့်ပွဲစဉ်၌ ဆလိုဗက်ကီးယားတင်းနစ်မယ် ဟန်တူချိုဗာအား ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိပြီး စတုတ္ထအဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။

တက်ရောက်လာ

အခြားပွဲစဉ်များအဖြစ် ဆားဘီးယားတင်းနစ်မယ် ဂျန်ကိုဗစ်က အမေရိကန်တင်းနစ်မယ် ခရစ္စတီးနားကို ၆-၂၊ ၆-၀ ဖြင့် အနိုင်ရရှိပြီး စတုတ္ထအဆင့် တက်ရောက်လာခဲ့သည်။ **(အင်တာနက်)**

ဘရာဇီးတိုက်စစ်မှူးဟောင်း ရော်နယ်ဒို ကမ္ဘာ့ဖလားပွဲအတွက် စည်းရုံးရေးဆင်း

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၁

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဘရာဇီးနိုင်ငံက လက်ခံကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပရေး ပြည်တွင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌအဖြစ် ကမ္ဘာကျော်ဘောလုံးသမား ရော်နယ်ဒိုက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ဇန်နဝါရီ ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။ **(အောက်ဝဲစွန်ပုံ)**

တွေ့ဆုံဆွေးနွေး

ရော်နယ်ဒိုသည် ဘရာဇီးနိုင်ငံသို့ ကမ္ဘာ့ဖလားပွဲကျင်းပရေးဆိုင်ရာ ပြင်ဆင်မှုများကိုလေ့လာရန်ရောက်ရှိနေသည့် ဖီဖာအတွင်းရေးမှူး ဂျီရိုမီဗလက်ကီနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

ဘရာဇီးနိုင်ငံတွင် ဘောလုံးကစားကွင်းများ အဆင့်မြှင့်တင်တည်ဆောက်မှုပြုလုပ်နေပြီဖြစ်သည်။ အသက် ၃၆ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူးဟောင်း ရော်နယ်ဒိုသည် ကမ္ဘာ့ဖလားဘောလုံးပွဲသမိုင်း၌ ၁၆ ဂိုးသွင်းယူပြီး ဂိုးအများဆုံးသွင်းထားသူအဖြစ် စံချိန်တင်ထားသူဖြစ်သည်။

ရော်နယ်ဒိုသည် ကမ္ဘာ့ထိပ်တန်းကလပ်များဖြစ်သည့် ပီအက်စ်ဗွီ၊ ဘာစီလိုနာ၊ အင်တာမီလန်၊ ရီးရဲမက်ဒရစ်၊ အေစီမီလန်နှင့် ကိုရင်သီရန်အသင်းများတွင် ပါဝင်ကစားခဲ့ပြီး စုစုပေါင်းဘောလုံးပွဲ ၃၄၃ ပွဲ ကစားခဲ့ကာ ဂိုးပေါင်း ၂၄၇ ဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။

ဘရာဇီးအသင်းတွင် ၉၈ ပွဲကစားခဲ့ပြီး ၆၂ ဂိုး သွင်းယူပေးခဲ့သူလည်းဖြစ်သည့်အပြင် ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုကို သုံးကြိမ်ရရှိခဲ့သူဖြစ်သည်။ **(အင်တာနက်)**

● ကျောဖုံးမှ

ချယ်လ်ဆီးတို့ ဒုတိယပိုင်း ၇၇ မိနစ်တွင် တောရက်စ်အစား လူကာကူ၊ မိုင်ရီလက်စ်အစား အက်ဆီယံတို့ အစားထိုးကစားစေခဲ့ရာ နော့ဝှစ်ဘက်သို့ ပိုမို ထိုးဖောက်တိုက်စစ်ဆင်နိုင်ခဲ့သော်လည်း တိုက်စစ်မှူးများ အဆုံးသတ် မပီပြင်မှုကြောင့် ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့သဖြင့် ဂိုးမရှိ သရေပွဲဖြစ်ကာ တစ်မှတ်စီ ခွဲဝေယူခဲ့ရခြင်း ဖြစ်သည်။

အခြားပွဲရလဒ်

အဲဗာတန်	၁-၁	ဘလက်ဘန်း
ဖူလ်ဟမ်	၅-၂	နယူးကာဆယ်
QPR	၃-၁	ဝီဂန်
စတုတ်	၁-၂	ဝက်စ်ဘရွန်း
ဆန်းဒါးလန်း	၂-၀	ဆွမ်ဆီး

(အင်တာနက်)

ကမ္ဘာ့အားကစားရှုခင်း

လန်ဒန် မာရသွန်ချန်ပီယံဆု မူတိုင်း ကာကွယ်မည်

လန်ဒန် ဇန်နဝါရီ ၂၁

ကင်ညာအပြေးသမား အီမာနျူရယ်မူတိုင်း **(အောက်ပုံ)** ဟာ အိုလံပစ်မာရသွန် မကျင်းပမီ ၁၆ ပတ်အလို ဧပြီ ၂၂ ရက်မှာ ၎င်းရဲ့ လန်ဒန်မာရသွန် ချန်ပီယံဆုကို ကာကွယ်သွားမယ်လို့ ဆိုပါတယ်။

သူဟာ ကမ္ဘာ့မာရသွန်စံချိန်ရှင် ပက်ထရစ်မာကူး အပါအဝင် ကင်ညာအပြေးသမားခြောက်ဦးအနက် တစ်ဦးဖြစ်ကြောင်း၊ လန်ဒန်မာရသွန်ပြိုင်ပွဲမှာ သုံးကြိမ်ချန်ပီယံဆုရ မာတင်လီလ်နဲ့ နှစ်ကြိမ် ချန်ပီယံဆုရ အဘီလ်ကီရုတ်တို့လည်း ပါဝင်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

မူတိုင်းဟာ ပြီးခဲ့တဲ့နှစ်က လန်ဒန်မာရသွန်ပြိုင်ပွဲမှာ စံချိန် ၂ နာရီ ၄ မိနစ် ၄၀ စက္ကန့်နဲ့ ပန်းဝင်ဗိုလ်စွဲခဲ့တာ ဖြစ်ပါတယ်။ **(အင်တာနက်)**

ကမ္ဘာ့အားကစားရှုခင်း

မက်ဆီ ဂန္ထဝင်ဘောလုံးသမားမဖြစ်သေး ဘရာဇီးဘောလုံးသမားကြီး ပီလီ ပြောကြား

လန်ဒန် ဇန်နဝါရီ ၂၁

ဘာစီလိုနာအသင်းရဲ့ အာဂျင်တီးနားတိုက်စစ်မှူးလီယွန်နယ်မက်ဆီ **(ဝဲပုံ)**ဟာ သမိုင်းတစ်လျှောက် အကောင်းဆုံး ဘောလုံးသမားမဖြစ်သေးတဲ့အကြောင်း ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီး ပီလီကပြောကြားလိုက်ပါတယ်။ အသက် ၂၄ နှစ်ပဲရှိသေးတဲ့ မက်ဆီဟာ ဖီဖာရဲ့ အကောင်းဆုံးဘောလုံးသမားဆုကို သုံးကြိမ်တိုင် ဆက်တိုက် ဆွတ်ခူးပြီးပါပြီ။ ဒါပေမယ့်လည်း မက်ဆီဟာ ဂိုးတွေအများကြီးသွင်းဖို့ လိုနေသေးတယ်လို့ ပီလီက ဆိုပါတယ်။ သူဟာ ဘာစီလိုနာအသင်းရဲ့ အကြီးကျယ်ဆုံးသော ဘောလုံးသမားပါ။ အာဂျင်တီးနားအတွက်တော့ အလားတူအောင်မြင်မှုတွေမရသေးဘူးလို့ ထင်ပါတယ်ဟု ပီလီက ဆက်လက်ပြောကြားပါတယ်။ မက်ဆီဟာ ကျွန်တော့်လို ဂိုးပေါင်း ၁၂၈၃ ဂိုးသွင်းဖို့လိုပါတယ်။ မက်ဆီဟာ ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားသုံးကြိမ်နဲ့ စပိန်လိဂ်ဖလား ငါးကြိမ်ဆွတ်ခူးခဲ့ပါတယ်။ **(အင်တာနက်)**

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ တရုတ်သို့ ပြောင်းတော့မည်လား

လန်ဒန် ဇန်နဝါရီ ၂၁

ချယ်လ်ဆီးအသင်းရဲ့ နာမည်ကြီးတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဒရော့ဘာ ကို တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းရှန်ဟွာက စာချုပ်ဖို့ ဆွေးနွေးနေပါတယ်။

အသက် ၃၃ နှစ် အရွယ်ရှိတဲ့ ဒရော့ဘာ**(ဝဲပုံ)**ဟာ ချယ်လ်ဆီးနဲ့ နောက်ထပ် တစ်နှစ်စာချုပ်ဖို့ ငြင်းဆိုထားချိန်မှာ တရုတ်ကလပ်က ၎င်းနဲ့လာရောက်ဆက်သွယ်ခဲ့တာဖြစ်ပါတယ်။

ကမ်းလှမ်း

ပြီးခဲ့တဲ့လတုန်းက ချယ်လ်ဆီးတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ အနယ်ကာကို ရှန်ဟွာက နှစ်နှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ပါတယ်။ ဒီနောက်မှာ ဒရော့ဘာလည်း ပြောင်းဖို့ ကြိုးစားနေပါတယ်။ သူ့ကို နောက်တရုတ်ကလပ်တစ်ခုဖြစ်တဲ့ ဒါလျန်အာဘင်က တစ်ပတ်လုပ်ခ ပေါင်နှစ်သိန်းနဲ့ခေါ်ဖို့ ကမ်းလှမ်းထားပါသေးတယ်။

သို့သော်လည်း အနည်းဆုံး ဇွန်လထိအောင် ချယ်လ်ဆီးအသင်းမှာ ရှိနေဦးမှာဖြစ်တဲ့အကြောင်း ဇန်နဝါရီ ၂၀ ရက်မှာ တိုက်စစ်မှူး ဒရော့ဘာကအတည်ပြုပြောကြားလိုက်ပါတယ်။ ဒရော့ဘာဟာ အပြာရောင်ချယ်လ်ဆီးအတွက် ၂၁၇ ပွဲ ကစားရာမှာ ၉၈ ဂိုးသွင်းပေးခဲ့တဲ့ တိုက်စစ်မှူးအကျော်အမော်ဖြစ်ပါတယ်။ **(အင်တာနက်)**

ကောင်းမြတ်သူ - စုစည်းသည်

မန်ယူတိုက်စစ်မှူး ရွန်နေ၏ ကစားဟန်

အာဆင်နယ် ဖလားရနိုင်သေးကြောင်း မန်ယူတိုက်စစ်မှူး ရွန်နေ ပြောကြား

လန်ဒန် ဇန်နဝါရီ ၂၁

မန်ယူနဲ့ အာဆင်နယ်တို့ဟာ (ယနေ့) ဇန်နဝါရီ ၂၂ ရက် ညပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် ၂၂ အဖြစ် ကစားဖို့ရှိနေပါတယ်။ မန်ယူရဲ့အမာခံတိုက်စစ်မှူး ရွန်နေကတော့ အာဆင်နယ်အသင်း ယခုနှစ်ပရီမီယာလိဂ်မှာ ဖလားရနိုင်ခြေရှိသေးတယ်လို့ သဘောထားကြီးစွာနဲ့ မုဒိတာပွား အားပေးစကားဆိုခဲ့ပါတယ်။

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ ပဉ္စမနေရာမှာ ရှိနေတာပါ။ ဒီအသင်းဟာ ဖလားရဖို့ သေချာပေါက်မျှော်လင့်ထားတဲ့ မန်ချက်စတာပြိုင်ဘက်ကလပ်နှစ်သင်းကို ခြိမ်းခြောက်ကစားနိုင်ပါသေးတယ်လို့ ရွန်နေက ဆိုပါတယ်။ အာဆင်နယ်အသင်းဟာ ဖလားမရဘူးလို့ မပြောနိုင်သလို ချယ်လ်ဆီးအသင်းဟာလည်း ဖလားမရဘူးလို့ အတပ်မပြောနိုင်ပါဘူး။

ကြိုးစား

ပွဲမပြီးသေးပါဘူး။ အာဆင်ဝင်းဂါးရဲ့ အာဆင်နယ်အသင်းဟာ မန်စီးတီးအသင်းနဲ့ ၁၅ မှတ်ကွာနေပါတယ်။ ဒါပေမယ့် ကစားဖို့ပွဲက ၁၇ ပွဲကြီးတောင် ကျန်နေပါသေးတယ်။ ကြိုးစားမယ်ဆိုရင် ဖလားရနိုင်ပါသေးတယ်လို့ ရွန်နေက ဆက်လက်ပြောပါတယ်။ (အင်တာနက်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စည်းဝေး

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း (၁၈)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန (IBC)၌ကျင်းပရာ အစည်းအဝေးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း **(အပေါ်ပုံ)** အသင်းဥက္ကဋ္ဌ ဦးစိန်လွင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် အသင်းအထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်က အလုပ်အမှုဆောင်အဖွဲ့၏အစီအရင်ခံစာကိုလည်းကောင်း၊ အကျိုးဆောင်ဘဏ္ဍာရေးမှူး ဦးထွန်းလွင်က ဘဏ္ဍာရေးရှင်းတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။

ရုပ်သိမ်း

ယင်းနောက် အသင်းဥက္ကဋ္ဌ ဦးလင်းဝင်းက အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန၌ CCTV ကင်မရာတပ်ဆင်ရန် ငွေကျပ် ၂၇ သိန်းကို IBC အထွေထွေမန်နေဂျာ ဦးခင်ဇော်သို့ ပေးအပ်လှူဒါန်း၍ အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များလျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်နှင့် ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၂၂ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြည်တွင်းအားကစားကဏ္ဍ ပြည်တွင်းအားကစားကဏ္ဍ ပြည်တွင်းအားကစားကဏ္ဍ ပြည်တွင်းအားကစားကဏ္ဍ ပြည်တွင်းအားကစားကဏ္ဍ

ဗန်တိုတံခွန်စိုက်ပြိုင်ပွဲနှင့် ဝန်ကြီးဌာနပေါင်းစုံမြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်

သတင်းမှတ်စုနှင့် ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၁၂ ခုနှစ် ပထမအကြိမ် မြန်မာ့သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) သိုင်းအားကစားရုံ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာ့သိုင်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယရဲမှူးကြီးတင်လှိုင်က ဗန်တိုအတိုက် အမျိုးသား(၄၅-၄၉) ကီလိုတန်းနှင့် (၄၉-၅၃)ကီလိုတန်းတို့တွင် ဆုရရှိသူများအား လည်းကောင်း၊ တပ်မတော်မြန်မာ့သိုင်းကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးသန့်စင်က ဗန်တိုအတိုက် အမျိုးသား(၅၃-၅၇)ကီလိုတန်းတွင် ဆုရရှိသူများအား လည်းကောင်း၊ မြန်မာ့သိုင်းသင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး ဦးခင်မောင်က ဗန်တိုအတိုက် အမျိုးသား (၅၇-၆၁) ကီလိုတန်းက ဆုရရှိသူများအားလည်းကောင်း၊ မြန်မာ့သိုင်း သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်ငွေက ဗန်တိုအတိုက် အမျိုးသား (၆၁-၆၅) ကီလိုတန်းနှင့် (၆၅-၆၉) ကီလိုတန်းတို့တွင် ဆုရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံ သိုင်း

အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရွက်ဆိုင်းအိမ်က ဗန်တိုတံခွန်စိုက်ဖလား ပထမဆုရ ကာကွယ်ရေးအသင်း၊ ဒုတိယဆုရ စီးပွား/ကူးသန်းအသင်း၊ တတိယဆုရ တွံတေးအသင်းနှင့် ပြည်ထဲရေးအသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ဗန်တိုအတိုက် အမျိုးသမီး (၄၅-၄၉) ကီလိုတန်းနှင့် (၄၉-၅၂)ကီလိုတန်းတို့တွင် ဆုရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်က အကောင်းဆုံး အားကစားသမားဆုရ လက်သိုင်း (၅၀-၅၅) ကီလိုတန်းမှ ထိန်လင်း (စီးပွား/ကူးသန်း)၊ ဓားသိုင်း (၆၀-၆၅) ကီလိုတန်းမှ ခိုင်စိုး (လယ်/ဆည်)နှင့် ဗန်တို (၅၇-၆၁) ကီလိုတန်းမှ ကိုကိုဝင်း (ကာကွယ်ရေး-၁)တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က (၁၇)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲတွင် လက်သိုင်းတံခွန်စိုက်ဆုရ ကာကွယ်ရေးအသင်း၊ ဓားသိုင်းတံခွန်စိုက်ဆုရ လယ်/ဆည်အသင်း၊ စွမ်းရည်ပြတံခွန်စိုက်ဆုရ စီးပွား/ကူးသန်းအသင်း၊ ဗန်တိုတံခွန်စိုက်ဖလားဆုရ ကာကွယ်ရေးအသင်း၊ စွယ်စုံ တံခွန်စိုက်ဒိုင်းဆုရ လယ်/ဆည်အသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့်တံခွန်စိုက်ဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ***(ဝဲပုံ) (မြန်မာ့အလင်း)***

သုံးပွဲဆက်အနိုင်ဖြင့် ကမ္ဘောဇတို့ဆက်လက်ဦးဆောင် ဧရာဝတီ၏ ရှုံးပွဲမရှိစံချိန်ကို ချိုးဖျက်လိုက်သည့်ဇေယျာရွှေမြေ

သတင်းနှင့်ဓာတ်ပုံ - နိုင်ထက်ဇော်

တောင်ကြီး ဇန်နဝါရီ ၂၁

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနှင့် ဇေယျာရွှေမြေအသင်းတို့ အိမ်ကွင်း၌ နိုင်ပွဲအသီးသီးရရှိခဲ့သည်။

(KBZ ကွင်း)

ကမ္ဘောဇ - တစ်ဂိုး
ရန်ကုန်ယူနိုက်တက်- ဂိုးမရှိ

ရန်ကုန်အသင်းမှာ ယမန်နှစ်က ရှုံးကြွေးကိုဆပ်ရန် ကြိုးစားရင်း ကမ္ဘောဇအသင်းက အနိုင်ဂိုးကို ၆၇ မိနစ်တွင် နူနက်ဇ် ပြစ်ဒဏ်ဘောမှ တစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

(မုံရွာကွင်း)

ဇေယျာရွှေမြေ - တစ်ဂိုး
ရောဝတီယူနိုက်တက် - ဂိုးမရှိ

ပြီးခဲ့သည့် ရာသီကတည်းက တင်ရှိထားသော(၂၄)ပွဲဆက် ရှုံးပွဲမရှိစံချိန်ကို ဧရာဝတီတို့ (၂၅)ပွဲမြောက်တွင် ချိုးဖျက်ခံလိုက်ရပြီ ဖြစ်သည်။ တစ်ပွဲထက်တစ်ပွဲ ကစားပုံပိုကောင်းလာသည့် ဇေယျာရွှေမြေအသင်းမှာ ယခုပွဲတွင်လည်း ခြေစွမ်းပြနိုင်ခဲ့ပြီး အထူးသဖြင့် တိုက်စစ်မှူး ကျော်ကိုကိုမှာလည်း ခြေစွမ်းပြနိုင်ခဲ့သည်။ **(ဝဲပုံ)**ဧရာဝတီအသင်းအား ရှုံးပွဲမရှိ စံချိန်ကျိုးပျက်စေမည့် ဇေယျာရွှေမြေအတွက် အနိုင်ဂိုးကို ကိုးမိနစ်တွင် ကျော်ကိုကိုက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

ယနေ့ပွဲ

(NPT ကွင်း)

နေပြည်တော် - ဇွဲကပင်

(ဗထူးကွင်း)

ရတနာပုံ - မောရဝတီ

(ပဒုမ္မာကွင်း)

Southern - မနောမြေ

ကရာတေးဒိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းစီစဉ်၍ ဂျပန်ကုန်သည်ကြီးများအသင်း(ရန်ကုန်) (JCCY)၏ ပံ့ပိုးမှုဖြင့် ၂၀၁၂ ခုနှစ် 3rd Japan Cup တံခွန်စိုက်ကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အငယ်တန်းအမျိုးသမီး (H1-5 / Tekki Shodan)၊ အငယ်တန်းအမျိုးသား (H1-5 / Tekki Shodan) ၊ အမျိုးသမီး ကီလို ၅၀နှင့်အောက် ကုမိတဲ့၊ ၅၅ ကီလို၊ ကီလို ၆၀ ၊ ၆၈ ကီလို၊ ၆၈ ကီလိုနှင့် အထက် ကုမိတဲ့၊ ကီလို၆၀ ၊ ၆၇ ကီလို၊ ၇၅ကီလိုနှင့်အောက် ကုမိတဲ့၊ အမျိုးသား ၈၄ ကီလိုနှင့်အောက် ကုမိတဲ့၊ ၈၄ ကီလိုနှင့်အထက် ကုမိတဲ့ ပြိုင်ပွဲများတွင် ဆုရရှိသူများအား အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲတွင် ဆုရရှိသူအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်ဥမ္မာလွင်က လည်းကောင်း၊ အမျိုးသမီးအသင်းလိုက် ကုမိတဲ့ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နာယက ဒေါ်ခင်မာနွယ်နှင့် အမျိုးသမီးအသင်းလိုက် ခတပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ရွှေတံဆိပ်သုံးဆု၊ ကြေးတံဆိပ်တစ်ဆုဖြင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ ကျော်ကျော်ထွန်း (သစ်တော)နှင့် ရွှေတံဆိပ်သုံးဆုဖြင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရသော ဆွေဆွေအောင်(ကယားပြည်နယ်)တို့အား မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဦးဝင်းဇော် **(အောက်ပုံ)**နှင့် JCCY မှ အမှုဆောင် Mr. Shigeo Hana တို့က SANYO Flat -၂၁လက်မ TV တို့ကို ချီးမြှင့်ကြပြီး ၂၀၁၂ ခုနှစ် 3rd Japan Cup တံခွန်စိုက်ပြိုင်ပွဲတွင် ရွှေခြောက်ဆု၊ ကြေးတစ်ဆုဖြင့် တံခွန်စိုက်ဆုဖလားရ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ရွှေလေးဆု၊ ငွေသုံးဆု၊ ကြေးတစ်ဆုဖြင့် တံခွန်စိုက်ဆုဖလားရ ကယားပြည်နယ် အမျိုးသမီးအသင်းတို့အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H. E. Mr. Takashi SAITO က တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဲစာရင်းပြုစုခြင်း

မဲစာရင်း(မူကြမ်း)ပြုစုခြင်း၊

မဲစာရင်း(မူကြမ်း)ကို အောက်ပါအတိုင်း ပြုစုရန်ဖြစ်ပါသည်-

(၁) ၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ မဲစာရင်းကို အခြေခံရန်၊ (ပုဒ်မ ၂၁) [ကြားဖြတ်ရွေးကောက်ပွဲသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဖြစ်ပါက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်မဲစာရင်းကို အခြေခံရန်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲစာရင်းကို အခြေခံရန်]

(၂) အထက်ပါအခြေခံမဲစာရင်းမှ အောက်ပါမဲဆန္ဒရှင်တို့၏ အမည်ကိုနုတ်ပယ်ရန်-
- (က) ကွယ်လွန်သွားသူများ၊
- (ခ) မိမိတို့၏ရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းနယ်မြေအတွင်းမှ အပြီးအပိုင်ပြောင်းရွှေ့သွားသူများ၊
- (ဂ) ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်မရှိသူများ(ပုဒ်မ ၇)-
  - (၁) သာသနာ့ဝန်ထမ်း၊
  - (၂) ထောင်ဒဏ်ကျခံနေရသူ၊
  - (၃) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
  - (၄) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံရပြီး လွတ်မြောက်ခွင့်မရသေးသူ၊
  - (၅) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ၊
  - (၆) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ်ခံယူသူ၊
- (ဃ) ပုံစံ ၃(က) ဖြင့် လျှောက်ထားသော မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ၊ (နည်းဥပဒေများ အပိုဒ် ၁၀ အရ အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် ယခုကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး မိမိတို့ရောက်ရာအရပ်၌ ဆန္ဒမဲပေးလိုပါက ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ပုံစံ ၃ (က) ဖြင့် ကြားဖြတ်ရွေးကောက်ပွဲ မဲစာရင်းသစ်တွင် ထပ်မံလျှောက်ထားရန်လိုပါသည်။)

ရှင်းလင်းချက်

(၁) မိမိ၏ အမြဲတမ်းနေရပ်တွင် ကြားဖြတ်ရွေးကောက်ပွဲ မရှိပါက ကိုယ်စားလှယ်ရွေးချယ်ရန် အကြောင်းမရှိ၍ ပုံစံ ၃ (က) ဖြင့် လျှောက်ထားခွင့်ရှိမည်မဟုတ်ပါ။

(၂) မိမိ၏ အမြဲတမ်းနေရပ်တွင် ကြားဖြတ်ရွေးကောက်ပွဲရှိသော်လည်း ယင်းရွေးကောက်ပွဲသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရန်ဖြစ်ပြီး မိမိရောက်ရှိရာအရပ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရန် မဟုတ်ဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ပေးရန်ဖြစ်လျှင် ပုံစံ ၃ (က)ဖြင့် လျှောက်ထားခွင့်ရှိမည်မဟုတ်ပါ။

(၃) အလားတူပင် မိမိ၏ အမြဲတမ်းနေရပ်တွင် ကြားဖြတ်ရွေးကောက်ပွဲရှိသော်လည်း ယင်းရွေးကောက်ပွဲသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရန်ဖြစ်ပြီး မိမိရောက်ရှိရာအရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ရန် မဟုတ်ဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရန်ဖြစ်လျှင် ပုံစံ ၃ (က)ဖြင့် လျှောက်ထားခွင့်ရှိမည်မဟုတ်ပါ။

(၄) မိမိ၏ အမြဲတမ်းနေရပ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရန်ဖြစ်ပြီး မိမိရောက်ရှိရာအရပ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိုပါ ရွေးချယ်ရန်ဖြစ်လျှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အတွက်သာ ပုံစံ ၃ (က)ဖြင့် လျှောက်ထားခွင့်ရှိမည်ဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ရန် ပုံစံ ၃ (က) ဖြင့် လျှောက်ထားခွင့်ရှိမည်မဟုတ်ပါ။

(၅) သို့ရာတွင် ယင်းရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့ရောက်ရှိနေသောအရပ်ဒေသသို့ လဝက ပုံစံ (၁၀)ဖြင့် အပြီးအပိုင် ပြောင်းရွှေ့လာကြောင်းနှင့် မဲစာရင်းတွင် ထည့်သွင်းပေးရန် ပုံစံ ၃ ဖြင့် လျှောက်ထားလာလျှင် မဲပေးခွင့်ရှိမည်ဖြစ်၍ မဲစာရင်းတွင် ထည့်သွင်းပေးရန်ဖြစ်ပါသည်။

(၃) မဲစာရင်းတွင် အမည်စာရင်းမပါရှိသေးသော မိမိ၏ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းနေထိုင်သူ အောက်ပါပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ထည့်သွင်းရန်-
- (က) ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူ [ပုဒ်မ ၁၄ (က)]
- (ခ) အထက်ပါစာရင်းတွင် အောက်ပါဆန္ဒမဲပေးပိုင်ခွင့်ရှိသူများလည်း ပါဝင်စေရပါမည်-
  - (၁) မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ [နည်း ၅၄ (က)]
  - (၂) မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ [နည်း ၅၄ (ခ)]
  - (၃) မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ [နည်း ၅၄ (ဂ)]
  - (၄) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ [နည်း ၅၄ (ဃ)]
  - (၅) မဲဆန္ဒနယ်ပြင်ပတွင် အချုပ်ခံနေရသူများ [နည်း ၅၄ (င)]
  - (၆) မဲဆန္ဒနယ်ပြင်ပတွင် ဆေးရုံတက်နေရသော အတွင်းလူနာများ[နည်း ၅၄ (စ)]
  - (၇) ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မဲဆန္ဒနယ်အတွင်း ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲပေးနိုင်စွမ်းမရှိသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ[နည်း ၅၀(ခ)]
    - (က) အသက်အရွယ်ကြီးရင့်သူ
    - (ခ) အနာကြီးရောဂါစွဲကပ်သူ
    - (ဂ) နေအိမ်တွင် ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရသူ
    - (ဃ) နေအိမ်တွင် မီးဖွားနေသူ
    - (င) မဲဆန္ဒနယ်အတွင်းတွင် အချုပ်ခံနေရသူ
    - (စ) မဲဆန္ဒနယ်အတွင်းတွင် ဆေးရုံတက်နေရသော အတွင်းလူနာများ
- (ဂ) မိမိ၏ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းနေထိုင်သူ တပ်မတော်သားများ၊ အတူနေအိမ်ထောင်စုဝင်များနှင့် မိမိ၏ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများ၊ အတူနေအိမ်ထောင်စုဝင်များ၊ [နည်း ၇(ခ)(၁)(၂)]
- (ဃ) နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များ၊ [ပုဒ်မ ၁၄(ခ)]
- (င) မိမိရပ်ကွက်/ကျေးရွာအုပ်စုအတွင်းသို့ လ. ဝ. က ပုံစံ(၁၀)ဖြင့် အပြီးအပိုင်ပြောင်းရွှေ့လာပြီး အမည်စာရင်းထည့်သွင်းပေးရန် ပုံစံ ၃ ဖြင့် လျှောက်ထားလာသူများ၊ [နည်း ၁၄(င)]
- (စ) နည်းဥပဒေများ ၁၀ အရ ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များက ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မိမိတို့၏ အမြဲတမ်းနေရပ်တွင် မဲပေးလိုခြင်းမရှိဘဲ မိမိတို့ရောက်ရှိရာ မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရန် ရွေးကောက်ပွဲကျင်းပသည့်နေ့ မတိုင်မီ ရက်ပေါင်း ၃၀ ထက်နောက်မကျစေဘဲ ပုံစံ ၃(က)ဖြင့် လျှောက်ထားလာသူများ၊

ရှင်းလင်းချက်။ (၁) အထက်စာပိုဒ် ၂ (ဃ)ပါအတိုင်း လျှောက်ထားခွင့်ရှိသူများ ဟုတ်မဟုတ်ကို စိစစ်ရမည်ဖြစ်ပါသည်။

(၂) ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက်နောက်ကျ၍ လျှောက်ထားသော လျှောက်လွှာများကို လက်ခံခွင့်မရှိပါ။

မဲစာရင်း(မူကြမ်း)ကို အတည်ပြုရန် ကြေညာခြင်း၊

(၄) အထက်ပါမဲစာရင်း (မူကြမ်း)ကို ကော်မရှင်မှ ရွေးကောက်ပွဲမတိုင်မီ သတ်မှတ်သည့်အတိုင်း ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ကြိုတင်ကြေညာရပါမည်။ [နည်း ၈] ယင်းသို့ ကြေညာသည့် နေ့ရက်မှ ၇ ရက်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အောက်ပါတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်-
- (က) ကြေညာသည့်မဲစာရင်းတွင် မိမိ၏ အမည်စာရင်းမပါရှိ၍ အမည်စာရင်းထည့်သွင်းပေးရန် မဲဆန္ဒပေးပိုင်ခွင့်ရှိသူတစ်ဦးက ပုံစံ ၃ ဖြင့် တောင်းဆိုလာလျှင် စိစစ်ပြီးထည့်သွင်းနိုင်သည်။ [နည်း ၁၁(က)]
- (ခ) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူတစ်ဦး၏အမည် ပါဝင်နေကြောင်းကို ပုံစံ ၄ ဖြင့် ကန့်ကွက်လာလျှင် စိစစ်ပြီး ပယ်ဖျက်နိုင်သည်။[နည်း ၁၁(က)]
- (ဂ) မဲစာရင်းမှားယွင်းသဖြင့် ပြင်ဆင်ပေးရန် ပုံစံ ၄ ဖြင့် တောင်းဆိုလာလျှင် ပြင်ဆင်ပေးနိုင်သည်။[နည်း ၁၁ (က)]
- (ဃ) မှန်ကန်စုံလင်သော မဲစာရင်းများဖြစ်စေရန် လိုအပ်သောအချက်အလက်များကို ဖြည့်စွက်ခြင်း၊ ကွယ်လွန်သူများ၏ အမည်များနှင့်ရွေးကောက်ပွဲဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့် မရှိသူများ၏ အမည်များကို ထုတ်ပယ်ခြင်း၊ သတ်ပုံသတ်ညွှန်း အမှားများနှင့် အရေးအကူးချွတ်ယွင်းသော အမှားများကို ပြင်ဆင်ရန်။

အတည်ပြုသည့် မဲစာရင်းကို ပြုစုခြင်း၊

(၅) အထက်ပါအတိုင်းမဲစာရင်းကို ၇ ရက်ကြေညာပြီး ယင်းကြေညာသည့် ၇ ရက်အတွင်း တောင်းဆို၊ ကန့်ကွက်၊ ပြင်ဆင်ခြင်းများမရှိလျှင်သော်လည်းကောင်း၊ တောင်းဆို၊ ကန့်ကွက်၊ ပြင်ဆင်မှုများရှိ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြင်ဆင်ဆောင်ရွက်ပြီးလျှင်သော်လည်းကောင်း၊ ယင်းသို့ပြင်ဆင်ထားသည့် မဲစာရင်းများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အောက်ပါအတိုင်းတင်ပြရမည်-
- (က) သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် လွှတ်တော်အလိုက် လွှတ်တော်တစ်ရပ်အတွက် မဲစာရင်း(၂)စုံကို ပြုစုရမည်ဖြစ်ပါသည်။ ယင်းမဲစာရင်း (၂)စုံ၏ စာမျက်နှာတိုင်းတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လက်မှတ်ရေးထိုး၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပေးပို့ရမည်ဖြစ်ပါသည်။ [ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန် စာပိုဒ်-၃၁/၃၂]
- (ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပေးပို့လာသောမဲစာရင်းများကို လွှတ်တော်မဲဆန္ဒနယ်အလိုက် စုစည်း၍ ယင်းမဲစာရင်းများ၌ မိမိတွေ့ရှိသည့် အရေးအကူးချွတ်ယွင်းသော အမှားများနှင့် မတော်တဆ အမှားများကို ပြင်ဆင်နိုင်သည်။ ယင်းသို့ပြင်ဆင်ထားသည့် မဲစာရင်းများကို မိတ္တူ (၂)စုံထပ်မံပြုစု၍ ယင်းထပ်မံပြုစုထားသည့် မိတ္တူ (၂)စုံ၏ စာမျက်နှာတိုင်းတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လက်မှတ်ရေးထိုးရမည်ဖြစ်ပါသည်။ [ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲလုပ်ငန်း လမ်းညွှန် စာပိုဒ်-၃၁/၃၂]
- (ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အထက်ပါကဲ့သို့ အတည်ပြုပြီးဖြစ်သည့် မဲစာရင်း (၄) စုံအနက် (၁)စုံကို ရယူထားပြီး ကျန် (၃)စုံကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများထံသို့ ပြန်လည်ပေးပို့ရန် ဖြစ်ပါသည်။
- (ဃ) ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အတည်ပြုပြီးဖြစ်သည့် မဲစာရင်း(၃)စုံကို ရရှိသည့်အခါ ထိုမဲစာရင်း (၃)စုံကို အောက်ပါအတိုင်း ဖြန့်ဝေရန်ဖြစ်ပါသည်-
  - (၁) မိမိ၏ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် မဲစာရင်း (၁)စုံကို ရယူထားရန်၊
  - (၂) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာမဲရုံမှူးများအား မဲစာရင်း (၁)စုံကို ပေးအပ်ရန်၊
  - (၃) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံ၌ မဲစာရင်း (၁)စုံကို ကြေညာရန်။

အတည်ပြုပြီးဖြစ်သည့် မဲစာရင်းကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(၆) အထက်ပါပြင်ဆင်ပြီးဖြစ်သည့် မဲစာရင်းတွင် နည်းဥပဒေ ၁၁ (ဃ)၌ မည်သို့ပင်ဆိုထားစေကာမူ အောက်ပါတို့ကို ပြင်ဆင်၊ ပယ်ဖျက်နိုင်သည်-
- (က) မဲစာရင်းတွင် အမည်ပါဝင်ခွင့်မရှိဘဲ ပါဝင်နေကြောင်း တွေ့ရှိလျှင် ထိုအမည်အား မဲစာရင်းမှပယ်ဖျက်ခြင်းကို ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က ဆောင်ရွက်နိုင်သည်။[နည်း ၁၄ (ခ)]
- (ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်တစ်နယ်ထက် သို့မဟုတ် မဲစာရင်းတစ်ခုထက်ပိုသော အမည်ပါဝင်သူတို့၏ မဲစာရင်းကို ယင်းမဲဆန္ဒရှင်၏ ဆန္ဒနှင့်အညီ ပြင်ဆင်နိုင်သည်။ ယင်းသို့ ပြင်ဆင်၊ ပယ်ဖျက်ကြောင်းကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားရမည်။ [နည်း ၁၄ (ဂ)(ဃ)]

နောက်ဆက်တွဲ မဲစာရင်းများ ပြုစုခြင်း၊

(၇) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အတည်ပြုထားပြီးဖြစ်သည့် မဲစာရင်းတွင် နောက်ထပ် မည်သည့်မဲစာရင်းကိုမျှ ထပ်မံထည့်သွင်းခြင်းမပြုနိုင်ပါ။ မဲစာရင်းထပ်မံထည့်သွင်းရန် လိုအပ်လာပါက နောက်ဆက်တွဲ မဲစာရင်းဖြင့်သာ ထည့်သွင်းရမည်ဖြစ်ပါသည်။

(၈) အောက်ပါတို့ကို နောက်ဆက်တွဲ မဲစာရင်းဖြင့် ပြုစုရမည်-
- (က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်းတွေ့ရှိလျှင် နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်ပွဲမကျင်းပမီ ၇ ရက်ထက် နောက်မကျစေဘဲ ထိုအမည်များကို နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။ [နည်း ၁၄ (က)] ယင်းသို့ ထည့်သွင်းသည့် မဲစာရင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ တင်ပြရမည်။
- (ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ဒေသတစ်ခုမှ အခြားဒေသ တစ်ခုသို့ ပြောင်းရွှေ့လာပြီး [လ. ဝ. က ပုံစံ (၁၀)ဖြင့်] မဲစာရင်းသို့ အမည်စာရင်းထည့်သွင်းလိုကြောင်း ပုံစံ ၃ ဖြင့် လျှောက်ထားလာလျှင် စိစစ်ပြီး ယင်းတို့၏ အမည်စာရင်းကို နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းပေးခြင်း၊ [နည်း ၁၄ (င)] ယင်းသို့ ထည့်သွင်းသည့် မဲစာရင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ တင်ပြရမည်။

မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကိုပြုစုခြင်း၊

(၉) အောက်ပါမဲဆန္ဒနယ် ပြင်ပရောက်မဲဆန္ဒရှင်များသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံတွင် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည် [နည်း ၅၄]-
- (က) မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊
- (ခ) မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊
- (ဂ) မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊
- (ဃ) မဲဆန္ဒနယ်ပြင်ပတွင် အချုပ်ခံနေရသူများ၊
- (င) မဲဆန္ဒနယ်ပြင်ပတွင် ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ၊
- (စ) အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ၊

(၁၀) အထက်ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်ကို ကြေညာပြီးလျှင်ပြီးချင်း အောက်ပါတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်-
- (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ အမည်စာရင်းရရှိရေးအတွက် သက်ဆိုင်ရာတပ်မှူးထံမှ တောင်းယူရန်။ [နည်း ၅၆(က)(၄)]
- (ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်နေရသော အတွင်းလူနာများ၏ အမည်စာရင်းရရှိရေးအတွက် ပုံစံ ၁၅ များကို သက်ဆိုင်ရာ ကျောင်းအုပ်၊ သင်တန်းမှူး၊ အချုပ်တာဝန်ခံ၊ ဆေးရုံအုပ်ကြီးများထံ ပေးပို့ရန်။[နည်း ၅၆(က)(၁)]
- (ဂ) နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအတွက် ပုံစံ ၁၅ များကို ကော်မရှင်က နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ရန်။ [နည်း ၅၇(က)]

(၁၁) အထက်ပါကဲ့သို့ တပ်ရင်း၊ တပ်ဖွဲ့များထံမှ တောင်းယူရရှိသော အမည်စာရင်းနှင့် ပေးပို့ထားသည့် ပုံစံ ၁၅ များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပြန်လည်လက်ခံရရှိသည့်အခါ ယင်းစာရင်းနှင့်ပုံစံ ၁၅ များကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် အမည်စာရင်းများနှင့်ပုံစံ ၁၅ များကို လက်ခံရရှိသည့်အခါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဟုတ်-မဟုတ် မဲစာရင်းတွင် အမည်စာရင်းပါဝင်ခြင်းရှိ-မရှိတို့ကို စိစစ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဖြစ်ပြီး မဲစာရင်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိသေးလျှင် မဲစာရင်းတွင် အမည်စာရင်းထည့်သွင်းရပါမည်။ယင်းနောက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးမည့်မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏စာရင်းကို ပုံစံ ၁ ဖြင့် သီးခြားစာရင်း ၂ စောင်စီပြုစု၍ တစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ [နည်း ၅၆(က)(၃)(၄)] [နည်း ၅၇(ဂ)]၊ ကျန်တစ်စောင်ကို မိမိတို့၏ လက်ခံအဖြစ် ထိန်းသိမ်းထားရှိရမည်။

ရှင်းလင်းချက်။ (၁) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လွှတ်တော်ကိုယ်စားလှယ်လောင်းတို့၏ အမည်စာရင်း ကြေညာပြီးသည့်အခါတွင် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပုံစံ ၁ ဖြင့် သီးခြားပြုစု၍ ပေးပို့ထားသည့် အထက်ပါစာရင်းအတိုင်း ကြိုတင်မဲလက်မှတ်များကို ဥပဒေနှင့်အညီ ပေးပို့ရန်ဖြစ်ပါသည်။

ရှင်းလင်းချက်။ (၂) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်မဲလက်မှတ်များကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှ ပုံစံ ၁ ဖြင့် သီးခြားပြုစုပေးပို့ထားသည့် စာရင်းအတိုင်း ထုတ်ပေးရမည်ဖြစ်၍ ပုံစံ ၁ သီးခြားစာရင်းမရှိသော ကြိုတင်ဆန္ဒမဲ တောင်းခံသူများကို ကြိုတင်မဲလက်မှတ်ထုတ်ပေးခွင့် ရှိမည်မဟုတ်ပါ။

စာရင်းပြုစုရာတွင် အခြေခံသော ပုံစံများ၊ စာရင်းများကို ထိန်းသိမ်းခြင်း၊

(၁၂) ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်း၊ နောက်ဆက်တွဲ မဲစာရင်း၊ သီးခြားမဲစာရင်းနှင့် မဲစာရင်းပြုစုရာတွင် အခြေခံသောတပ်ရင်း၊ တပ်ဖွဲ့များထံမှ စာရင်းများ၊ ပုံစံ ၃၊ ပုံစံ ၃(က)၊ ပုံစံ ၃(ခ)၊ ပုံစံ ၄၊ ပုံစံ ၄(က)၊ ပုံစံ၄(ခ)နှင့် ပုံစံ ၁၅ စသည်တို့ကို လုံခြုံစွာထိန်းသိမ်းထားရမည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အကယ်ဒမီ ဆုပေးပွဲကြီး နီးပြီ

နေပြည်တော် ဇန်နဝါရီ ၂၁

ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်ချစ်ပရိသတ်များ မျှော်လင့်စောင့်စားနေကြတဲ့ အကယ်ဒမီဆုပေးပွဲကြီး သို့မဟုတ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကြီးကို နေပြည်တော်မှာ လာမယ့်ဖေဖော်ဝါရီလဆန်းမှာ ပြုလုပ်သွားမယ်လို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ပြောကြားခဲ့ပါတယ်။

ဒါကြောင့် ဇန်းကိုင်သူတွေက ဘယ်သူတွေဖြစ်မလဲ၊ ဘယ်ဇာတ်ကားတွေရမလဲ၊ ဘယ်သူတွေအကယ်ဒမီဆု ရနိုင်မလဲ၊ရမယ်ထင်တဲ့ ဇာတ်ကားတွေ၊ မင်းသား မင်းသမီးတွေ၊ ဒါရိုက်တာတွေကိုတော့ ၃၅လမ်း၊ ၃၆လမ်းဝန်းကျင် ရုပ်ရှင်အဖွဲ့သားများက ခန့်မှန်း အကယ်ဒမီတွေပေးနေကြတာကို ကြားစပြုလာပါပြီ။

အချို့အချို့သော ပွဲထွက်မင်းသား၊ မင်းသမီးများအတွက် အချို့အချို့သော ကုမ္ပဏီများက အင်္ကျီ၊ လုံချည်၊ ဖိနပ်ကအစ စပွန်ဆာပေးပို့ ပြင်ဆင်နေကြပြီလို့ ကြားသိခဲ့ရပါတယ်။

စာရင်းဝင်ရုံတင် ၁၅ ကားကိုလည်း အကဲဖြတ်အဖွဲ့က အကဲဖြတ်ထားပြီးဖြစ်ပါတယ်။ ပါဝင်တဲ့ဇာတ်ကားများကတော့ အင်ိုမျက်လုံး အပြုံးမျက်နှာ၊ အမေ့ကျေးဇူး ဆပ်ဖူးချင်တယ်၊ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်၊ ပင်လယ်ထက်က နေဝန်းနီ၊ အာဒမ်ရယ် ဧဝရယ် ဒသရယ်၊ နတ်ဖြစ်ရတဲ့ ဒုက္ခ၊ ဆွေတစ်ရာမောင်တစ်ကိုယ်၊ ပတ်ထိတယ်၊ နတ်ဖက်တဲ့ စုံတွဲ၊ ဘာမီတွန်၊ ဂွတ်ရှယ်သမက်၊ ရင်ဘတ်ကြီးနဲ့ ချစ်လိုက်မယ်၊ အချစ်လာထား အာဘွားနဲ့ နယူးမော်ဒယ် ဇာတ်ကားတွေပဲဖြစ်ပါတယ်။

ဇာတ်ကားအများစုက ပရိသတ်အကြိုက် ပေါ့ပေါ့ပါးပါး ဟာသဇာတ်ကားတွေ ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ အကယ်ဒမီမြင့်ဦး-ဦးမြင့်က ပေါ်လစီ မဟုတ်ပေမယ့် ဟာသကားတွေလည်း အများကကြိုက်ရင် ရနိုင်တာပေါ့ဟု တွေ့တုန်းပြောခဲ့သည့် စကားတစ်ခွန်း သတိရမိပါတယ်။

ကိုင်း- ဒါဖြင့် အကယ်ဒမီဆုတွေကို ဘယ်သူတွေရကြမယ်လို့ ထင်ပါသလဲ။

တင်ဝင်းလေး-ကြည့်မြင်တိုင်

ကျေးလက်ကျန်းမာရေးဌာနခွဲ ပွင့်ဖြူမြို့နယ်၌ဖွင့်

ပွင့်ဖြူ ဇန်နဝါရီ ၂၁

ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးဦးအောင်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာသက်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဟောပြော

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေက အမှာစကားပြောကြားပြီး ဒေါက်တာသက်အောင်က ကျန်းမာရေး ဆိုင်ရာသိကောင်းစရာများကို ဟောပြောသည်။ ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က မွေဆိပ်ဖြေဆေးများကို ကျေးရွာကျန်းမာရေးဆပ်ကော်မတီသို့ ပေးအပ်သည်။

အဆိုပါ အဆောက်အအုံမှာ အလျား ပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၀ပေရှိ အုတ်ပတ်ကား၊ သမံတလင်းခင်း၊ သွပ်မိုး တစ်ထပ်ဖြစ်ပြီး ပြည်သူထည့်ဝင် ငွေကျပ် ၃၅ သိန်း အကုန်ကျခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ညောင်တုန်းမြို့နယ်၌ ဆောင်ရွက်

ညောင်တုန်း ဇန်နဝါရီ ၂၁

ညောင်တုန်းမြို့နယ် မြို့မဈေးကြီး အတွင်းမီးဘေးကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးများစစ်ဆေးခြင်း၊ မီးငြိမ်းသတ် မှုသရုပ်ပြလေ့ကျင့်ခြင်းကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝင်း၊ မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မရဲတပ်ဖွဲ့ စခန်းမှူးရဲအုပ်ဇော်မင်းနှင့် ဈေးကော်မတီဝင်များ၊ ဈေးသူ ဈေးသားများ ပူးပေါင်း၍ ဇန်နဝါရီ ၅ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်မီးသတ်ဦးစီးဌာန)

ဂုဏ်ပြုဆုချီးမြှင့်

ပုသိမ်မြို့ အမှတ်-၁ နယ်မြေကွမ်းခြံရပ် အမက(၁၄)၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းရှေ့လမ်းမ၌ ရွှေဆွဲကြိုး ကောက်ရပြီးနောက် ပြန်လည်အပ်နှံခဲ့သော စတုတ္ထတန်းမှ မောင်ဇော်မျိုးရှိန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်စိန်က စာရိတ္တမောင်ဂုဏ်ထူးဆောင်မှတ်တမ်းနှင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၇၇)

အသေးစားချေးငွေများ မိုးကောင်း၌ထုတ်ချေး

မိုးကောင်း ဇန်နဝါရီ ၂၁

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်နေသော ပျံကျဈေးသည်များအား ချေးငွေထုတ်ပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက မြို့မဈေးအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ချေးငွေထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပျံကျဈေးသည်များအား အသေးစားချေးငွေများကို ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မလှိုင်မြို့နယ် သြဇာခြံကျေးရွာ၌ အမကကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

မလှိုင် ဇန်နဝါရီ ၂၁

မလှိုင်မြို့နယ် ယာကြီးကုန်းကျေးရွာအုပ်စု သြဇာခြံကျေးရွာ အမက ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဒေါ်အေးသန်းက ပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွာခွဲကိုယ်စားလှယ် ဦးတောက်ထွန်းက ကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အလှူငွေကျပ် တစ်သိန်း၊ ဘိလပ်မြေ ၁၅ အိတ်နှင့် ဗလာစာအုပ် ၁၀ ဒါဇင်တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကျော်က လက်ခံယူသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးက မြေကွက်အလှူရှင် ဦးသန်းနိုင်-ဒေါ်တင်တင်မြတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ယင်းကျောင်းဆောင်သစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ပညာရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၉၀၊ အနံ ပေ ၃၀ရှိ သွပ်မိုး၊ အုတ်ကာ အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ (၀၈၃)

ယာဉ်အန္တရာယ် ကင်းရှင်းရေး တောင်ငူခရိုင်၌ ပညာပေးဆွေးနွေး

တောင်ငူ ဇန်နဝါရီ ၂၁

တောင်ငူခရိုင်အတွင်းရှိ ခရီးသည်တင်ယာဉ်များ ယာဉ်အန္တရာယ်လမ်းအန္တရာယ် ကင်းရှင်းရေး၊ မော်တော်ယာဉ်များ မတော်တဆဖြစ်ပွားမှု အန္တရာယ်လျော့နည်းစေရေးအတွက် တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းမြင့်၊ စက်မှုကျွမ်းကျင်(၂) ဦးနိုင်အောင်ဇော်နှင့် အဖွဲ့သည် ယာဉ်ကြံ့ခိုင်မှု စစ်ဆေးခြင်းနှင့် ယာဉ်မောင်း ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာပညာပေးဆွေးနွေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ဆောင်ရွက်ရာ ခရိုင်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနဦးစီးမှူး ဦးအုန်းမောင်၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစစ်နိုင်၊ ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲအုပ် အောင်နိုင်ထွန်းတို့နှင့်ပူးပေါင်း၍ စေတမန်၊ ဂန္ထဝင်၊ ရိုးမ၊ တော်ဝင် ခရီးသည်တင်ယာဉ်များကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** **(၁၁၅)**

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

မြန်မာ့အလင်း စာတည်းထံပေးစာများ

ဒံပေါက်ဆိုင်မှညော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းရှင့်-

မင်္ဂလာတောင်ညွန့်မြို့နယ် (၁၁၉)လမ်းထိပ်ရှိ ဒံပေါက်ဆိုင်မှထွက်ရှိသော ကြက်သွန်ကြော်၊ ငရုတ်သီးကြော်နှင့် စာကြွင်း၊ စားကျန်ချဉ်နံ့များကို ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ နေ့စဉ်ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးထိခိုက်သူ**

ဂက်စ်အနံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်အတွင်းရှိ အိမ်တစ်အိမ်မှ ဂက်စ်ဖြည့်ခြင်း၊ ဂက်စ်ထုတ်ခြင်းလုပ်ငန်းမှ ထွက်ရှိသော ဂက်စ်အနံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားတစ်ဦး**

ပျံကျဈေးသည်များ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

ဇန်နဝါရီ ၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲ စည်ပင်ဈေးကြီးအတွင်းရှိ ပျံကျဈေးဆိုင်နေရာများတွင် ဈေးမရောင်းဘဲ ဈေးကြီးအပြင်လမ်းမပေါ်တွင် ပျံကျဈေးသည်များ ဈေးရောင်းချနေခြင်းအား ဖယ်ရှားပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

မြန်မာ့အလင်း မှုခင်းသတင်း

ရေစကြို၌ ယာဉ်နှစ်စီး တိုက်မိ

ရေစကြို ဇန်နဝါရီ ၂၁

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကုက္ကိုစုကျေးရွာနှင့် ရွာထောင်ကျေးရွာကြား မိုင်တိုင် (၃၄)တွင် ကားနှစ်စီး ခေါင်းချင်းဆိုင် တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီ မိနစ် ၃၀ ခန့်က ယာဉ်မောင်း ဦးဝင်းရှိန်မောင်းနှင်လာသည့် ကမ္မမှ မန္တလေးသွားခရီးသည်တင်ကား၆က/----နှင့် ယာဉ်မောင်းဦးစိုးသန်း မောင်းနှင်လာသည့် ပခုက္ကူမှ မုံရွာသွား ၄ဂ/----၁၀ ဘီးကား တို့ယာဉ်နှစ်စီးတိမ်းရှောင်စဉ် တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်မောင်းနှင်သူ နှစ်ဦးနှင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိဟုသိရသည်။

အရေးယူဆောင်ရွက်

အဆိုပါယာဉ်တိုက်မှုတွင် ယာဉ်မဆင်မခြင်မောင်းနှင်သူနှစ်ဦးအား သက်ဆိုင်ရာ ရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိသည်ဟုသိရသည်။ **(အိမွန်ဆွေ-ရေစကြို)**

လှေကိုတိုက်ပြီး ထွက်ပြေးတိမ်းရှောင်သွားတဲ့ ပဲ့ထောင်

မြောင်းမြ ဇန်နဝါရီ ၂၁

ဇန်နဝါရီ ၁၄ ရက် ညနေ ၇ နာရီခွဲခန့်က မြောင်းမြမြို့နယ် စစ်ကွင်းကွမ်းခြံအုပ်စု ကွမ်းခြံချောင်းအတွင်း၌ ပဲ့ထောင်နှင့် လှေတစ်စင်းတိုက်မိကြောင်း အိမ်မဲမြို့နယ် မရမ်းပင်ကျေးရွာ အုပ်ချုပ်ရေးမှူးဦးဇော်မြင့်ဌေးက ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် သတင်းပေးချက်အရ မြောင်းမြမြို့နယ် စကမြားရဲကင်းမှူး ဒုတိယရဲအုပ် ရွှေခိုင်နှင့်အဖွဲ့ဝင်များ သွားရောက်စုံစမ်းစစ်ဆေးရာ မရမ်းပင်ကျေးရွာနေ ဦးကြည်စိုး ၅၂ နှစ်(ဘ-ဦးစိန်ဗလ)၊ ဇနီးဒေါ်ကျင်ထွေး ၄၈ နှစ်(ဘ-ဦးမောင်ကံ)၊ သမီးမရွှေဇင်ထွေး-၁၁ နှစ်၊ တူ မောင်လှထွေး ၁၃ နှစ်(ဘ-ဦးမန်းမိုး) တို့သည် မရမ်းပင်ကျေးရွာဘက်မှ လှေလှော်ခတ်လာရာ စကမြားဘက်မှ ပဲ့ထောင် တစ်စင်းနှင့် ဝင်ရောက်တိုက်မိ၍ လှေမှောက်ခဲ့ကြောင်း၊ လှော်ခတ်သူ မောင်လှထွေး တစ်ဦးသာ အသက်ရှင်လျက် ကျေးရွာနေအိမ်သို့ပြန်ရောက်လာပြီး လှေပေါ်လိုက်ပါလာကြသူ ဦးကြည်စိုး၊ ဇနီး ဒေါ်ကျင်ထွေး၊ သမီးရွှေဇင်ထွေး မိသားစုသုံးဦး ပျောက်ဆုံးနေကြောင်း သိရှိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၇၇)

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာဘာသာရပ်များ နေ့စဉ်ဖော်ပြမည်

နေပြည်တော် ဇန်နဝါရီ ၂၁

၂၀၁၂ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြုဘာသာရပ်များကို ဇန်နဝါရီ ၂၃ ရက်မှစ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နေ့စဉ်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာဘာသာရပ်များ နေ့စဉ်ဖော်ပြမည့်အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁။	မြန်မာစာ	၂၃-၁-၂၀၁၂
၂။	စိတ်ကြိုက်မြန်မာစာ	၂၄-၁-၂၀၁၂
၃။	အင်္ဂလိပ်စာ	၂၅-၁-၂၀၁၂
၄။	သင်္ချာ	၂၆-၁-၂၀၁၂
၅။	ဓာတုဗေဒ	၂၇-၁-၂၀၁၂
၆။	ရူပဗေဒ	၂၈-၁-၂၀၁၂
၇။	ဇီဝဗေဒ	၂၉-၁-၂၀၁၂
၈။	ပထဝီဝင်	၃၀-၁-၂၀၁၂
၉။	သမိုင်း	၃၁-၁-၂၀၁၂
၁၀။	ဘောဂဗေဒ	၁-၂-၂၀၁၂

မြန်မာ့အလင်း နိုင်ငံတကာ အနုပညာ

➤ မြင့်မောင်စိုး - ရေးသားသည် ➤

အသည်းကွဲမှတ်တမ်း သီချင်းအယ်လ်ဘမ် တေလာဆွစ် သီဆိုထွက်ရှိမည်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၁

ကမ္ဘာကျော်အဆိုတော် တေလာဆွစ်က သူမရဲ့နောက်ထွက်လာမယ့် တေးအယ်လ်ဘမ်သစ်ဟာ ၂၀၁၀ ခုနှစ်မှာ ကိုယ်တိုင်ခံစားခဲ့တဲ့ အသည်းကွဲမှတ်တမ်းကို အခြေခံထားတဲ့ သီချင်းအယ်လ်ဘမ်ဖြစ်ကြောင်း မီဒီယာတွေကို သူမက ပြောကြားလိုက်ပါတယ်။

ကိုယ်တိုင်ရေးစပ်

တေးရေး တေးဆို အဆိုကျော်မလေး တေလာဆွစ်ဟာ ၂၀၁၀ ခုနှစ်က အဆိုတော် ဂျွန်မေယာနဲ့ ချစ်ကျွမ်းဝင်ခဲ့ကြပါတယ်။ သူတို့နှစ်ဦးဟာ အချစ်ကြီးချစ်ခဲ့ကြပေမယ့် ကံအကြောင်းမလှလို့ လမ်းခွဲခဲ့ကြရပါတယ်။ ဒါပေမယ့်လည်း အဆိုတော်မလေး တေလာဆွစ်အနေနဲ့ သတိတရရှိနေဆဲပါ။ ဒါကြောင့်မို့လို့ အသက် ၂၂ နှစ်ပဲရှိသေးတဲ့ တေလာဆွစ်ဟာ အသည်းကွဲခြင်းများစွာနဲ့ Dear John လို့အမည်ရတဲ့ သီချင်းတစ်ပုဒ်ကို ကိုယ်တိုင်ရေးစပ်သီကုံးထားပါတယ်။

စာမျက်နှာ ၅ ကော်လံ ၅ ◆

နိုင်ငံတကာ အားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ ရေးသားသည်

သုံးမှတ်အပြည့်ယူရန် ရည်မှန်းခဲ့သည့် ချယ်လ်ဆီး နော့ဝှစ်ကို အဝေးကွင်း၌ တစ်မှတ်ခွဲပေးခဲ့ရ

လန်ဒန် ဇန်နဝါရီ ၂၁

ပရီမီယာလိဂ်ပွဲစဉ် (၂၂)ကို ဇန်နဝါရီ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားရာ နော့ဝှစ်နှင့် ချယ်လ်ဆီးတို့ပွဲတွင် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သဖြင့် တစ်မှတ်စီခွဲဝေယူခဲ့ကြရသည်။

အဝေးကွင်း၌ သုံးမှတ်အပြည့်ရယူရန်အတွက် ချယ်လ်ဆီးတို့ အမာခံကစားသမားများကို ထုတ်သုံးခဲ့သည်။ တိုက်စစ်တွင် ဂိုးမသွင်းနိုင်မှု ကြာပြီဖြစ်သော တောရက်စ်ကို ပွဲအစမှာပင် ထုတ်သုံးခဲ့ပြီး မာတာကိုလည်း တိုက်စစ်၌ ဝိုင်းရံစေခဲ့သည်။

သို့သော် နော့ဝှစ်တို့က အိမ်ကွင်း၌ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သည့်အပြင် နော့ဝှစ်ဂိုးသမားက အများအယွင်းနည်းစွာ ကာကွယ်နိုင်ခဲ့သဖြင့် ချယ်လ်ဆီးတို့ ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ နော့ဝှစ်တို့က ချယ်လ်ဆီးကို ခြေရည်တူကစားခဲ့ပြီး ချယ်လ်ဆီး ဂိုးပေါက်ကိုလည်း ရံဖန်ရံခါ ခြိမ်းခြောက်နိုင်ခဲ့သည်။ သို့သော် နော့ဝှစ်တိုက်စစ်မှူးများ ဂိုးဧရိယာအတွင်း ဘောလုံးပျက်သွားသည်က များနေခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၆ ●

နော့ဝှစ် နှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ် ဤသို့ ဂိုးသွင်းရန် ကြိုးစားခဲ့သည်။

ကမ္ဘာ့အကြီးဆုံးမြကျောက် လေလံတင်မည်

မိုးမြင့်လင်းလက် – ရေးသားသည်

ကိုလံဘီယာ ဇန်နဝါရီ ၂၁

ကမ္ဘာပေါ်တွင် အကြီးဆုံးမြတစ်လုံးကို ကနေဒါနိုင်ငံ ကိုလံဘီယာမြို့ ဝက်စတင်းစတား လေလံရောင်းချခန်းမတွင် ဇန်နဝါရီ ၂၈ ရက်၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၁ ရက်က သတင်းထုတ်ပြန်သည်။

ငှင်းမြကျောက် (ဓါတ်ပုံ)သည် ၅၇၀၀၀ ကရက်ရှိပြီး အလေးချိန် ၁၁ ဒသမ ၅ ကီလိုဂရမ်ရှိကာ အရှည် ၁၂ လက်မ ခန့်ရှိသည်။ အဆိုပါမြကျောက်မှ အပွင့်ပေါ်အောင်သွေးရန် ဖြတ်တောက်ထားသော အရိုင်းတုံးအပိုင်းအစတစ်ခုကိုပင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ သန်း တန်ဖိုးရှိကြောင်း ကျောက်မျက်ကျွမ်းကျင်သူများက ရာဖြတ်ထားသည်။ ထို့ကြောင့် ယခုလေလံတင်ရောင်းချမည့် မြကျောက်၏ တန်ဖိုးသည် လေလံပွဲ၌ ငွေကြေးပမာဏ အလွန်များပြားစွာ ရရှိမည်ဟု ဝက်စတင်းစတား လေလံရောင်းချရေးအဖွဲ့မှ မိုက်အိုဒန်ဘက်က ပြောကြားသည်။

အဆိုပါ ကမ္ဘာ့အကြီးဆုံး မြကျောက်ကို ဘရာဇီးနိုင်ငံတွင် တူးဖော်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ၌ ကျောက်သွေးခဲ့ခြင်းဖြစ်သည်။ ယင်းမြကျောက်ကို လေလံပွဲမကျင်းပမီ လက်နက်ကိုင်လုံခြုံရေး အစောင့်အကြပ် ထူထပ်စွာချထားကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဂျီအမ်ကုမ္ပဏီထုတ်ကားများ အရောင်းရဆုံးစံချိန်တင်

ခင်ရတနာ – ရေးသားသည်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၁

အမေရိကန်အခြေစိုက် မော်တော်ကားထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဂျီအမ်ကုမ္ပဏီအနေနှင့် သုံးနှစ်ဆက်တိုက် မော်တော်ကားအရောင်းရဆုံး စံချိန်တင်ထားနိုင်သော ဂျပန်အခြေစိုက် တိုယိုတာကုမ္ပဏီကို ကျော်ဖြတ်ကာ ကားအသစ်အရောင်းရဆုံးအဖြစ် ပြန်လည်ရောက်ရှိလာကြောင်း အေအက်ဖ်ပီသတင်းဌာနက ဇန်နဝါရီ ၂၀ ရက် နေ့စွဲဖြင့် ဖော်ပြထားသည်။

ကမ္ဘာ့စံချိန်တင်

၂၀၀၉ ခုနှစ်အတွင်း ဒေဝါလီခံရမည့် အနေအထားမှတစ်ဆင့် အမြင့်ဆုံးအခြေအနေသို့ ပြန်လည်ရောက်ရှိလာနိုင်ရန်အတွက် စိန်ခေါ်မှုပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ရသည့် ဂျီအမ်အနေနှင့် ကားသစ်ရောင်းချမှုတွင် ကားအစီးရေ ၉ ဒသမ ၀၂ သန်းအထိ ကမ္ဘာ့စံချိန်တင် ရောင်းချခဲ့ရသည်။

ကမ္ဘာ့ဒုတိယကားရောင်းချမှုအများဆုံးအဖြစ် ဂျာမနီနိုင်ငံအခြေစိုက် ကုမ္ပဏီဖြစ်သည့် Volkswagon မှဖြစ်ပြီး ကားအစီးရေပေါင်း ၈ ဒသမ ၁၆ သန်းအထိ ရောင်းချပေးခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ တတိယအနေနှင့် ကမ္ဘာ့နာမည်ကျော် တိုယိုတာ(ဂျပန်)က ရရှိခဲ့ပြီး ကားအစီးရေ ၇ ဒသမ ၉ သန်းရောင်းချပေးနိုင်ခဲ့ပြီး သုံးနှစ်တာကာလအတွင်း ပထမနေရာမှ တတိယနေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။ **(အင်တာနက်)**

ဂျီအမ်ကုမ္ပဏီထုတ် နောက်ဆုံးပေါ်ကားသစ်တစ်စီးကို တွေ့ရစဉ်။

▶ လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ် ◀

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဂြိုဟ်တုကိုးလုံး သယ်ဆောင်မည့် ဗီဂါဒုံးပျံလွှတ်တင်မည် စာ-၄

အဆိုတော် အဒေလီရဲ့ သီချင်းအယ်လ်ဘမ် ကမ္ဘာ့အရောင်းရဆုံးစံချိန်တင်ခဲ့ စာ-၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲစာရင်းပြုစုခြင်း စာ-၉

အကယ်ဒမီဆုပေးပွဲကြီး နီးပြီ စာ-၁၀